ကြေးမုံ
The Mirror Daily
၁၉၅၇ ပြေီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

**ကောင်းမှုကို ပြုလုပ်ဆည်းပူး**

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထိမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့် ပြည့်၏။

ပါဠိ(ဓမ္မပဒ-၁၂၂)

၁၃၈၄ ခုနှစ်၊ တန်ခူးလဆန်း ၁၁ ရက်၊ သောကြာနေ့။ Friday, 31 March 2023 ၁၁၀၅၆

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သင်္ဂနက်ဆည်နှင့် ကန်တော်ကြီးသို့ မြေအောက်ရေအကူပိုက်လိုင်းမှ ရေသွယ်တန်းမှုကို စက်ခလုတ်နှိပ်၍ စတင်ဖွင့်လှစ်ပေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စစ်တွေမြို့ ကန်တော်ကြီးအတွင်း ရေပြန်လည်ဖြည့်တင်းပေးနိုင်ရေး စီမံဆောင်ရွက်နေမှုအခြေအနေများအား သွားရောက်ကြည့်ရှုစစ်ဆေး

## စစ်တွေမြို့ရေပေးဝေရေးအတွက် အဓိကဖြစ်သည့် ကန်တော်ကြီးအတွင်း ရေပြန်လည်ဖြည့်တင်းပေးနိုင်ရေးအတွက် မြေအောက်ရေရရှိဆောင်ရွက်ရာတွင် ရေရရှိနိုင်သည့်နေရာများကို ထပ်မံသုတေသနပြု တူးဖော်ဆောင်ရွက်

နေပြည်တော် မတ် ၃၀

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ညနေပိုင်းက ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦးနှင့် တာဝန်ရှိသူများလိုက်ပါပြီး ရခိုင်ပြည်နယ် စစ်တွေမြို့ မြို့ရေပေးဝေရေး လုပ်ငန်းများဆောင်ရွက်နေသည့် ကန်တော်ကြီးအတွင်းသို့ ရေများပြန်လည်ဖြည့်တင်းရေး ဆောင်ရွက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် မြို့ရေပေးဝေရေး ကန်တော်ကြီးနှင့် ရေစုကန်အစုအဖွဲ့နေရာသို့ ရောက်ရှိကြရာ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်သယံဇာတရေးရာဝန်ကြီး ဦးသန်းထွန်း၊ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနကြားရေးမှူးချုပ် ဦးဗိုလ်ဗိုလ်ကျော် တို့က ကန်တော်ကြီးအတွင်းသို့ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ❂

### ယနေ့ ဖတ်စရာ

**နေ့စဉ်ဘဝကျန်းမာဖို့ ဆီစားသုံးမှုလျှော့ကြစို့**

ဆောင်းပါး စာမျက်နှာ » ၆



**လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိ**

စာမျက်နှာ » ၈

**မြန်မာသက္ကရာဇ် ၁၃၈၄ ခုနှစ် မဟာသင်္ကြန်ပွဲတော်နှင့်စပ်လျဉ်း၍ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၏ နှုတ်ဆက်ချက်**

စာမျက်နှာ » ၉

ကြေးမုံ

# တရားမဝင်ကုန်သွယ်မှုကိုတားဆီး စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးကြိုးပမ်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ စီးပွားရေးဦးတည်ချက်တွင် "သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်း (MSME) များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး"ကို အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ အဓိကအတားအဆီးသည် တရားမဝင်ကုန်သွယ်မှုများဖြစ်နေကြောင်း တွေ့ရှိရသည်။

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က "ပြည်တွင်း MSME များမှ ထုတ်လုပ်သည့်ကုန်စည်များကို သွင်းကုန်အစားထိုးအသုံးပြုရန် ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းမရှိအောင် ထိုးနှက်ဟန့်တားနှောင့်ယှက်မှုသည် အခွန်မဆောင်ဘဲ ပြည်ပမှ တရားမဝင်တင်သွင်းလာသည့် ကုန်စည်များဖြစ်ကြောင်း၊ အကောက်ခွန်မဲ့ တင်သွင်းလာသည့် ကုန်စည်များကို တားဆီး၊ စစ်ဆေး၊ အရေးယူနိုင်မှုမရှိလျှင် ပြည်တွင်း MSME များ ဖွံ့ဖြိုးတိုးတက်မှု ဦးမော့လာရန် ခက်ခဲနေဦးမည်ဖြစ်ကြောင်း၊ တရားမဝင်ကုန်သွယ်မှုများကို ထိရောက်စွာတားဆီးစစ်ဆေးပြီး ဥပဒေနှင့်အညီ အရေးယူနိုင်မှသာ ပြည်တွင်း MSME များ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း" ပြောကြားထားသည်။

တရားမဝင်ကုန်သွယ်မှုများကို ဆောင်ရွက်နေကြသူများသည် ကုန်သွယ်မှုဆိုင်ရာ မူဝါဒ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများ၏ ဟာကွက်၊ ပျော့ကွက်နှင့် အားနည်းချက်များအပြင် ကုန်တင်ယာဉ်အားလုံး ရာနှုန်းပြည့် ကုန်ချစစ်ဆေးရန် မဖြစ်နိုင်သည့်အခြေအနေများနှင့် လုံခြုံရေးအရ ကန့်သတ်ချက်များအပေါ် အခွင့်ကောင်းယူ၍ နည်းမျိုးစုံဖြင့် တရားမဝင်တင်ပို့၊ တင်သွင်းခြင်းများ ကျူးလွန်ဆောင်ရွက်နေကြသည်ကို တွေ့မြင်နေရသည်။ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ၂၀၂၂ ခုနှစ် ဇန်နဝါရီလမှစတင်၍ တစ်နှစ်ကျော်ကာလအတွင်း ဖမ်းဆီးရမိသည့်အမှုတွဲများအပေါ် သုံးသပ်ချက်အရ အများစုသည် ကုန်စည်အမျိုးအစားတူ တန်ချိန်ပိုမိုတင်ဆောင်ခြင်း(အပို)နှင့် တန်ဖိုးကြီးပစ္စည်းများကို အခွန်မဆောင်ဘဲ အခွန်ဆောင်ထားသည့် တန်ဖိုးနည်းပစ္စည်းများနှင့် ရောနှောသယ်ဆောင်ခြင်း(အလွဲ)များဖြစ်သည်ဟု သိရသည်။

ထို့အပြင် တရားမဝင်နည်းလမ်းဖြင့် ကုန်သွယ်မှုဆောင်ရွက်သည့် ကုန်သည်လုပ်ငန်းရှင်များအနေဖြင့် တရားမဝင်နည်းလမ်းပေါင်းစုံကို အသုံးပြုဆောင်ရွက်ရာတွင် လက်နက်ကိုင်တိုင်းရင်းသားအဖွဲ့အချို့ကို ချဉ်းကပ်၍ စစ်ဆေးရေးစခန်းများအား ကျော်ဖြတ်ရန် ကြိုးပမ်းလာသည့်ဖြစ်စဉ်များရှိကြောင်းသိရသည်။ မသမာသူစီးပွားရေးသမားအချို့၏ အတ္တလောဘတို့ကြောင့် တရားဝင်ကုန်သွယ်မှုကို ရှောင်လွှဲ၍ တရားမဝင်ကုန်သွယ်မှုကို တားဆီးအရေးယူနေသည့်ကြားမှ နည်းလမ်းအမျိုးမျိုးဖြင့် အစဉ်အဆက်လုပ်ကိုင်ဆောင်ရွက်လျက်ရှိရာ ပြည်တွင်းစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားဖြစ်စေပြီး နိုင်ငံတော်အတွက်လည်း အခွန်ဘဏ္ဍာများ များစွာထိခိုက်မှုကို ဖြစ်စေသည်။

တရားမဝင်ကုန်သွယ်မှုသည် မြန်မာတစ်နိုင်ငံတည်း ရင်ဆိုင်ဖြေရှင်းနေရသည့် ပြဿနာမဟုတ်ဘဲ နိုင်ငံတိုင်းရင်ဆိုင်နေရသည့်ပြဿနာဖြစ်သည်။ တရားမဝင်ကုန်သွယ်မှုကို တားဆီးအရေးယူဆောင်ရွက်ရာတွင် အခြားနိုင်ငံများ၏ နည်းလမ်းကောင်းများကို လေ့လာပြီး မြန်မာနိုင်ငံ၏အခြေအနေနှင့် ကိုက်ညီမည့်နည်းလမ်းများကို ဖော်ထုတ်အသုံးချဆောင်ရွက်သွားရမည်ဖြစ်သည်။ ပြောင်းလဲဖြစ်ပေါ်နေသောအခြေအနေပေါ်မူတည်၍ ထိရောက်သည့်နည်းလမ်းများ၊ သမားရိုးကျနည်းလမ်းများအပြင် ခေတ်နှင့်လျော်ညီသည့်နည်းစနစ်များကို အသုံးချဆောင်ရွက်သွားရမည်ဖြစ်သည်။

တရားမဝင်ကုန်သွယ်မှု လျော့နည်းကျဆင်းရေးအတွက် ကုန်စည်သယ်ဆောင်ရာတွင် ကွန်တိန်နာကိုသာ အသုံးပြုပြီး E-Lock ဖြင့် ဆောင်ရွက်ခြင်းကို ဆောလျင်စွာ စတင်အကောင်အထည်ဖော်ဆောင်ရွက်သင့်ကြောင်း ဦးဆောင်ကော်မတီဥက္ကဋ္ဌက တိုက်တွန်းထားသည်။ တရားမဝင်တင်သွင်းလာသည့် ကုန်စည်များကို လက်လီလက်ကားအရောင်းဆိုင်များနှင့် ကုန်တိုက်များမှတစ်ဆင့် ဈေးကွက်အတွင်း ဖြန့်ချိခြင်းနှင့် လက်လီရောင်းချခြင်းများ မပြုလုပ်စေရန် အသိပညာပေးခြင်း၊ သတိပေးခြင်း၊ တားဆီးခြင်း၊ စစ်ဆေးခြင်း၊ ဥပဒေနှင့်အညီ အရေးယူခြင်းတို့ကို အချိန်ကာလသတ်မှတ်ပြီး ဆောင်ရွက်နိုင်ရန် ကြိုးပမ်းကြရမည်ဖြစ်သည်။ ချက်ချင်းမတားဆီးနိုင်ဘဲ လွတ်သွားသည့် တရားမဝင်ကုန်စည်များ သယ်ဆောင်လာသည့်ယာဉ်များကို နောက်ဆုံးရောက်နေသည့်နေရာအထိ သက်ဆိုင်ရာအဖွဲ့အစည်းများချိတ်ဆက်၍ တားဆီးအရေးယူသွားကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ တရားမဝင်ကုန်စည်များ စဉ်ဆက်မပြတ်ဖမ်းဆီးရမိနေသည့် သတင်းများကို မြင်တွေ့နေခြင်းသည် တရားမဝင်ကုန်သွယ်မှုများ ကြီးထွားနေသည်ဟု သုံးသပ်ရမည်ဖြစ်ပြီး နိုင်ငံတော်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ပြည်တွင်းစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုကို အဓိကအဟန့်အတားဖြစ်နေသည့် တရားမဝင်ကုန်သွယ်မှုကို ထိရောက်စွာ အရှိန်အဟုန်ဖြင့် လက်တွဲပူးပေါင်းတိုက်ဖျက်ကြရမည်ဖြစ်ပါကြောင်း။ ။

## အစိုးရဓမ္မာစရိယစာမေးပွဲ နဝမနေ့နှင့် ပါဠိပထမပြန်စာမေးပွဲ တတိယနေ့ ကျင်းပ

နေပြည်တော် မတ် ၂၀

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနကကြီးမှူး၍ နှစ်စဉ်ကျင်းပသော ၂၀၂၃ ခုနှစ် အစိုးရဓမ္မာစရိယစာမေးပွဲကို ယနေ့တွင် နိုင်ငံတစ်ဝန်းရှိ စာဖြေဌာန ၇၀ တို့၌ နဝမနေ့အဖြစ်လည်းကောင်း၊ ပါဠိပထမပြန်စာမေးပွဲကို စာဖြေဌာန ၂၂၉ ဌာနတို့၌ တတိယနေ့အဖြစ်လည်းကောင်း ဖြေဆိုကြသည်။

အစိုးရဓမ္မာစရိယစာမေးပွဲ နဝမနေ့ကို စာရင်းသွင်း ၄၉၄ ပါး/ဦး အနက် ၂၈၀ ဖြေဆိုကြသဖြင့် ၅၆ ဒသမ ၆၈ ရာခိုင်နှုန်း ဖြေဆိုကြပြီး ပါဠိပထမပြန်စာမေးပွဲ(ပထမကြီး၊ ပထမလတ်၊ ပထမငယ်၊ အခြေပြုမူလတန်း) တတိယနေ့ကို စာရင်းသွင်း ၅၇၃၆၃ ပါး/ဦးအနက် ၄၅၇၄၂ ပါး/ဦး ဖြေဆိုကြသဖြင့် ၇၉ ဒသမ ၇၄ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

သတင်းစဉ်

## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း



နေပြည်တော် မတ် ၂၀

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းခြင်းကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ်ရှိ သီရိမင်္ဂလာကျောင်းတိုက်၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်ရှိ ရန်အောင်မြင်တိုက်သစ်ကျောင်းတိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ ဓမ္မနန္ဒီကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ်ရှိ လင်းလွန်းပင်ပရိယတ္တိစာသင်တိုက်၊ မြောက်ဥက္ကလာပမြို့နယ်ရှိ မော်ကျွန်းကျောင်းတိုက်နှင့် လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်ရှိ သာသနာ့ဟိတပရိယတ္တိစာသင်တိုက်၊ ရှမ်းပြည်နယ် ကျိုင်းတုံမြို့နယ်ရှိ သီရိနော်ကျောင်းတိုက်တို့သို့ ဆွမ်းဆန်တော်များကို လည်းကောင်း၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်ရှိ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း၊ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်ရှိ မဟာကိုးဆူကျောင်းတိုက်နှင့် အောင်မြေသာစံမြို့နယ်ရှိ ကုသိုလ်တော်ရိပ်သာကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်ရှိ မေတ္တာဝါဒီကျောင်းတိုက်၊ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ မြရတနာပရိယတ္တိစာသင်တိုက်နှင့် လားရှိုးမြို့နယ်ရှိ နမ့်ခိုက်ကျောင်းတိုက်တို့သို့ ဆန်ကြာဆံများကို လည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် တာဝန်ရှိသူများက သွားရောက်ဆက်ကပ် လှူဒါန်းခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၂၀ - ၃ -၂၀၂၃)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၀၀၀ | ၈,၀၀၀ | ၂၀၀ | ၁,၆၀၀,၀၀၀ |
| MTSH | ၃,၀၅၀ | ၃,၁၀၀ | ၃၁၃ | ၉၅၆,၂၅၀ |
| MCB | ၇,၃၀၀ | ၇,၃၀၀ | ၀ | ၀ |
| FPB | ၁,၄၅၀ | ၁,၅၀၀ | ၁,၁၃၁ | ၁,၆၄၆,၅၀၀ |
| TMH | ၂,၅၀၀ | ၂,၅၀၀ | ၀ | ၀ |
| EFR | ၂,၆၅၀ | ၂,၆၅၀ | ၀ | ၀ |
| AMATA | ၄,၉၀၀ | ၄,၈၀၀ | ၂၃ | ၁၁၂,၇၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် မတ် ၂၀

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၂၁၀၀.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၂၂၈၁.၂ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၃၀၅.၁၁ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၆၁.၃၃၂ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၄၇၄.၈၄ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၅.၅၅၁ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၄၀၆.၆ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၅၈၀.၅ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၅၈၀.၈ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၆၁.၄၆ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဦး၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်သက်မွန်နှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစည်သူလွင်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စစ်တွေမျိုးသန့်ခြံအတွင်း၌ စက်ရေတွင်းတူးဖော်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

❂ ရှေ့ဖုံးမှ

မြေအောက်ရေမှ ရေပြန်လည်ဖြည့်တင်းပေးနိုင်ရေး ဆောင်ရွက်လျက်ရှိမှုအခြေအနေများနှင့် စစ်တွေမြို့၏ ရေလိုအပ်ချက်အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်း တင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က **"ထမင်းအသက် ခုနစ်ရက်၊ ရေအသက် တစ်မနက်"** ဆိုသည့်အတိုင်း ရေသည် လူတိုင်းအတွက် အရေးကြီး လိုအပ်ချက်ဖြစ်ကြောင်း၊ ထို့ကြောင့် သောက်သုံးရေနှင့် စိုက်ပျိုးရေများအတွက် ရေလုံလောက်စွာရရှိရန် လိုကြောင်း၊ စစ်တွေမြို့၏ ရေလိုအပ်ချက်ကို ဖြည့်ဆည်းပေးရန်အတွက် မိမိတို့အနေဖြင့် စီမံဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း၊ စစ်တွေမြို့ရေပေးဝေရေးအတွက် အဓိကဖြစ်သည့် ကန်တော်ကြီးအတွင်း ရေပြန်လည်ဖြည့်တင်းပေးနိုင်ရေးအတွက် မြေအောက်ရေရရှိဆောင်ရွက်ရာတွင် ရေရရှိနိုင်သည့် နေရာများကို ထပ်မံသုတေသနပြု၍ တူးဖော်ဆောင်ရွက်ကြစေလိုကြောင်းမှာကြားပြီး အခြားလိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး

**○ စစ်တွေမြို့ကို အဓိက ရေပေးဝေလျက်ရှိသည့် ကန်တော်ကြီး၏ ရေသိုလှောင်နိုင်မှုပမာဏမှာ ရေဂါလန် ၄၈၁ ဒသမ ၁၀ သန်းဖြစ်ပြီး ကန်တော်ငယ်(၁၊၂)၊ ကန်တော်လေးနှင့် တြိဂံကန် ရေသိုလှောင်နိုင်မှုမှာ ရေဂါလန် ၆၂ ဒသမ ၃၇ သန်း၊ တိုးချဲ့ကန် ရေသိုလှောင်နိုင်မှုမှာ ရေဂါလန် ၁၁၉ ဒသမ ၅၉ သန်း၊ ဆက်ရိုးကျကန်အမှတ်(၁)နှင့် (၂)တို့၏ ရေသိုလှောင်နိုင်မှုမှာ ရေဂါလန် သန်း ၁၂၀ ဖြစ်**

**○ ကန်တော်ကြီးအတွင်းသို့ မြေအောက်ရေများမှ ရေပြန်လည်ဖြည့်တင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် စစ်တွေမြို့ ရေလုံလောက်စွာရရှိရေးအတွက် များစွာအထောက်အကူပြုစေမည်**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား စစ်တွေမျိုးသန့်ခြံအတွင်းရှိ ရှင်းလင်းဆောင်၌ တာဝန်ရှိသူတစ်ဦးက ရှင်းလင်းတင်ပြစဉ်။

ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် သင်္ဂနက်ဆည်နှင့် ကန်တော်ကြီးသို့ မြေအောက်ရေအကူပိုက်လိုင်းမှ ရေသွယ်တန်းမှုကို စက်ခလုတ်နှိပ်၍ စတင်ဖွင့်လှစ်ပေးပြီး ရေရရှိမှုအခြေအနေကို ကြည့်ရှုအားပေးသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ကန်တော်ကြီးအတွင်း မြေသားစမ်းသပ်မှုလုပ်ငန်းများမှ ထွက်ရှိလာသည့် အပေါ်ယံမြေလွှာနှင့် ကျောက်စကျောက်နများ၊ သဲကျောက်လွှာများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စစ်တွေမြို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စစ်တွေ မျိုးသန့်ခြံအတွင်း၌ စက်ရေတွင်းဖြင့် မြေအောက်ရေထုတ်ယူနေမှုနေရာသို့ ရောက်ရှိရာ ရှင်းလင်းဆောင်၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ညွှန်ကြားရေးမှူးချုပ် ဦးဗိုလ်ဗိုလ်ကျော်၊ ရေအရင်းအမြစ်ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသက်နိုင်တို့က စိုက်ပျိုးရေးမျိုးသန့်ခြံ ဧက ၄၀ အတွင်း ဘူမိရူပဆိုင်ရာတိုင်းတာမှုများအရ စက်ရေတွင်းများတူးဖော်ရန်လျာထားသည့် တည်နေရာများနှင့် တူးဖော်ပြီး၊ တူးဖော်ဆဲစက်ရေတွင်းများမှ ရေချိုထွက်ရှိမှုနှင့် အချို့နေရာများတွင် ရေငန်များ ရောနှောပါဝင်နေမှု၊ စက်ရေတွင်းများမှ ထွက်ရှိလာသည့် ရေများကိုရေစုကန်များဖြင့်စု၍ ကန်တော်ကြီးသို့ ပိုက်လိုင်းများဖြင့် ပို့လွှတ်ရန် ဆောင်ရွက်လျက်ရှိမှုတို့ကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မြေအောက်ရေရရှိနိုင်မည့် ပမာဏကို စနစ်တကျဖြင့် တိုင်းတာတွက်ချက်ရန်လိုကြောင်း၊ မြေအောက်ရေတစ်ခုတည်းကိုသာ အားမကိုးဘဲ မိုးများသည့် ဒေသဖြစ်သည့်အတွက် မိုးရေကိုစုဆောင်းပြီး ရေချိုကို ပြန်လည်ဖြည့်တင်းရန်လိုကြောင်း မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စက်ရေတွင်းများ တူးဖော်နေမှုကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

### စတင်ဖြည့်တင်းနိုင်ခဲ့

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ဖေဖော်ဝါရီ ၁၈ ရက် စစ်တွေခရီးစဉ်အတွင်း စစ်တွေမြို့ ရေရရှိရေး ကန်တော်ကြီးအတွင်း ရေပြန်လည်ဖြည့်တင်းနိုင်ရေးအတွက် တာဝန်ရှိသူများကို လမ်းညွှန်မှာကြားခဲ့မှုအရ ကန်တော်ကြီးအတွင်းသို့ မြေအောက်ရေဖြင့် ရေပြန်လည်ဖြည့်တင်းနိုင်ရေး ဆောင်ရွက်ခဲ့ရာ စက်ရေတွင်းတူးဖော်နိုင်သည့်နေရာများကို ဘူမိရူပဆိုင်ရာတိုင်းတာမှုများပြုလုပ်၍ စက်ရေတွင်းများ တူးဖော်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် သင်္ဂနက်ဆည်မှ ကန်တော်ကြီးအထိ (ဆည်ရေနှင့်တွင်းအမှတ်-၁)တို့မှ ရေပိုက်လိုင်းအရှည်ပေ ၄၄၀၀ အားသွယ်တန်းခဲ့ပြီး ကန်တော်ကြီးအတွင်းသို့ ယနေ့တွင် စတင်ဖြည့်တင်းနိုင်ခဲ့ကြောင်း၊ ဆက်လက်၍လည်း ထပ်မံတူးဖော်ရရှိသည့် စက်ရေတွင်းများမှထွက်ရှိသည့် ရေများကို ကန်တော်ကြီးအတွင်းသို့ ထပ်မံဖြည့်တင်းနိုင်ရေး ရေပိုက်လိုင်းများနှင့် ရေတွန်းစက်များ ထပ်မံတပ်ဆင်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ စစ်တွေမြို့ကို အဓိကရေပေးဝေလျက်ရှိသည့် ကန်တော်ကြီး၏ ရေသိုလှောင်နိုင်မှုပမာဏမှာ ရေဂါလန် ၄၈၁ ဒသမ ၁၀ သန်းဖြစ်ပြီး ကန်တော်ငယ် (၁၊၂)၊ ကန်တော်လေးနှင့် တြိဂံကန် ရေသိုလှောင်နိုင်မှုမှာ ရေဂါလန် ၆၂ ဒသမ ၃၇ သန်း၊ တိုးချဲ့ကန်ရေသိုလှောင်နိုင်မှုမှာ ရေဂါလန် ၁၁၉ ဒသမ ၅၉ သန်း၊ ဆက်ရိုးကျကန်အမှတ်(၁)နှင့် (၂)တို့၏ ရေသိုလှောင်နိုင်မှုမှာ ရေဂါလန် သန်း ၁၂၀ ဖြစ်ကြောင်းနှင့် ယခုကဲ့သို့ ကန်တော်ကြီးအတွင်းသို့ မြေအောက်ရေများမှ ရေပြန်လည်ဖြည့်တင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် စစ်တွေမြို့ ရေလုံလောက်စွာရရှိရေးအတွက် များစွာအထောက်အကူပြုစေမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စစ်တွေတက္ကသိုလ် ပါမောက္ခချုပ်၊ ပါမောက္ခ/ဌာနမှူးများ၊ နည်းပြ ဆရာ၊ ဆရာမများအား တွေ့ဆုံအမှာစကား ပြောကြားစဉ်။

## နိုင်ငံတစ်ခု၊ ဒေသတစ်ခုကို ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရာတွင် အသိပညာ၊ အတတ်ပညာများပြည့်စုံသည့် လူသားအရင်းအမြစ် များစွာလိုအပ်

# အသိပညာ၊ အတတ်ပညာများ တိုးတက်ရေး၊ မျိုးဆက်သစ်များ၏ ဘဝမြှင့်တင်နိုင်ရေးအတွက် သိစေချင်၊ တတ်စေချင်သည့် စေတနာအရင်းခံဖြင့် သင်ကြားရေးလုပ်ငန်းများကို ဆောင်ရွက်

**နေပြည်တော် မတ် ၂၀**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဇနီး ဒေါ်ကြူကြူလှနှင့် အဖွဲ့ဝင်များလိုက်ပါ၍ ယနေ့မွန်းလွဲပိုင်းတွင် ရခိုင်ပြည်နယ် စစ်တွေမြို့သို့ ရောက်ရှိကြရာ လေဆိပ်တွင် ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးထိန်လင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံပြည်သူများက ရိုးရာအကအလှများဖြင့် လှိုက်လှဲစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် စစ်တွေတက္ကသိုလ်သို့ သွားရောက်၍ ပါမောက္ခချုပ်၊ ပါမောက္ခ/ဌာနမှူးများ၊ နည်းပြ ဆရာ၊ ဆရာမများအား သွားရောက်တွေ့ဆုံသည်။

**တက်ရောက်**

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး၊ ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ထင်လတ်ဦးနှင့် တာဝန်ရှိသူများ၊ စစ်တွေတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာခင်မောင်ဇော်၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခ/ဌာနမှူးများ၊ နည်းပြ ဆရာ၊ ဆရာမ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စစ်တွေတက္ကသိုလ်သို့ ရောက်ရှိကြရာ ပါမောက္ခချုပ် ဒေါက်တာခင်မောင်ဇော်နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမတွင် စစ်တွေတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာခင်မောင်ဇော်က စစ်တွေတက္ကသိုလ်မှ ပညာရေးဆိုင်ရာ သင်ကြားပို့ချပေးလျက်ရှိသည့် အခြေအနေများ၊ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်မှစ၍ ပါရဂူဘွဲ့သင်တန်းများ စတင်ဖွင့်လှစ်သွားမည့် အခြေအနေများ၊ တက္ကသိုလ် ဘာသာရပ်များအလိုက် ဆရာ၊ ဆရာမများ ခန့်အပ်ထားရှိမှုအခြေအနေများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ပညာသင်ကြားလျက်ရှိမှု အခြေအနေများ၊ စစ်တွေတက္ကသိုလ်မှ ဘွဲ့များချီးမြှင့်အပ်နှင်းခဲ့မှုအခြေအနေများ၊ စာသင်ဆောင်၊ စာသင်ခန်းအရေအတွက်နှင့် ကျောင်းသားများဝင်ဆံ့မှု၊ ကျောင်းသား၊ ကျောင်းသူများ၏ အိပ်ဆောင်များတည်ဆောက်ထားရှိမှု၊ ဝင်ဆံ့မှုနှင့် လိုအပ်မှု အခြေအနေများ၊ တက္ကသိုလ်တွင် သင်ကြားရေးဆိုင်ရာ အဆောက်အအုံများ တိုးချဲ့ဆောင်ရွက်ပေးရန်နှင့် အားကစားကွင်းများ အဆင့်မြှင့်တင်ရန် လိုအပ်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရလက်ထက်၌ စစ်တွေတက္ကသိုလ်တွင် ဆရာ၊ ဆရာမများ ခန့်အပ်ထားနိုင်မှု၊ လိုအပ်သည့် စာအုပ်၊ စာစောင်များ ဖြည့်တင်းပေးနိုင်ခဲ့မှု၊ အင်တာနက်ရရှိရေး ဆောင်ရွက်ပေးနိုင်မှု၊ အဆောက်အအုံများ တိုးချဲ့ဆောက်လုပ်ပေးနိုင်ခဲ့မှုနှင့် လိုအပ်သည့် စာသင်ဆောင်များ ဆက်လက်ဆောက်လုပ်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများနှင့် ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က "တက္ကသိုလ်" သို့မဟုတ် "တက္ကသီလာ" ဟူသည်မှာ အဆင့်မြင့် အတတ်ပညာ၊ အသိပညာ နည်းပညာရပ်များကို သင်ကြားလေ့ကျင့်ပေးပြီး ကိုယ်ကျင့်တရားကောင်းမွန်အောင် ပဲ့ကိုင်ပေးသည့်ဌာနပင်ဖြစ်ကြောင်း၊ နိုင်ငံနှင့်ဒေသ၏ စွမ်းအားကိုမြှင့်တင်ပေးခြင်းဖြစ်ပြီး နိုင်ငံနှင့် ဒေသတိုးတက်ရေးအတွက် လိုအပ်သည့် အသိပညာနှင့် အတတ်ပညာများကို သင်ကြားပေးသည့်ဌာနပင်ဖြစ်ကြောင်း၊ နိုင်ငံတစ်ခု၊ ဒေသတစ်ခုကို ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရာတွင် အသိပညာ၊ အတတ်ပညာများ ပြည့်စုံသည့် လူသားအရင်းအမြစ်များ များစွာလိုအပ်ကြောင်း၊ မိမိတို့၏ ဆရာ၊ ဆရာမများမှာ ယခင်ကိုလိုနီခေတ်တွင် မျက်နှာအငယ်ခံ၍ တက္ကသိုလ်ပညာများကို သင်ယူနိုင်ရန် ကြိုးစားခဲ့ကြကြောင်း၊ ထိုသို့ ကြိုးစားချိန်တွင် ကိုလိုနီအစိုးရအနေဖြင့် မြန်မာများ အသိပညာ မတိုးပွားစေရေးအတွက် ပညာရေးနှင့် ပတ်သက်၍ ဖိနှိပ်ခဲ့ကြသဖြင့် ပညာရေးသပိတ်များလည်း ပေါ်ပေါက်လာခဲ့ကြောင်း။

**ချီးမြှင့်ပေးအပ်လျက်ရှိ**

မိမိတို့တာဝန်ယူချိန်တွင် တက္ကသိုလ်ပညာသင်ကြားရေးတွင် အထောက်အကူပြုစေရန်အတွက် ပညာရေးဆိုင်ရာ ဆရာ၊ ဆရာမများအတွက် ချီးမြှင့်ငွေများ ပေးအပ်သကဲ့သို့ နေထိုင်မှုစရိတ်များလည်း ပေးအပ်ခဲ့ကြောင်း၊ ချီးမြှင့်ငွေများပေးအပ်ရာတွင် ပညာရပ်အလိုက် ချီးမြှင့်ပေးအပ်လျက်ရှိကြောင်း၊ ကိုဗစ်-၁၉ ကာလ နိုင်ငံ့စီးပွားရေးကျဆင်းခဲ့သည့်ကြားမှ ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ပြီး မိမိတို့အနေဖြင့် နိုင်ငံ၏ ကုန်ထုတ်လုပ်မှုများ တိုးတက်အောင် ဆောင်ရွက်ခဲ့ပြီး နိုင်ငံ့ဝင်ငွေများ တိုးတက်အောင် ဆောင်ရွက်ခဲ့၍ ယခုအခါ မိမိတို့နိုင်ငံ၏စီးပွားရေးမှာ အထိုက်အလျောက် တိုးတက်လာပြီဖြစ်ကြောင်း။

**စာမျက်နှာ ၅ သို့** ☆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စစ်တွေမြို့ View Point ၌ ဒေသခံပြည်သူများ စိတ်လက်ချမ်းမြေ့စွာဖြင့် အပန်းဖြေအနားယူနေမှုများကို ကြည့်ရှုစဉ်။

- ❖ **နိုင်ငံတစ်ခုဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးသည် လွန်စွာအရေးကြီးပြီး မိမိတို့နိုင်ငံအနေဖြင့် လွန်ခဲ့သည့်ကာလများကို လေ့လာကြည့်ပါက အတန်းလိုက်တန်းစဉ်ကူးပြောင်းမှုများ နည်းပါးခဲ့**
- ❖ **ရခိုင်ပြည်နယ်တွင်လည်း တန်းစဉ်ကူးပြောင်းမှုများ နည်းပါးခဲ့သည်ကို တွေ့ရှိရ၊ ထိုသို့ဖြစ်ပေါ်ခဲ့ခြင်းမှာ နိုင်ငံတော်အတွက် စိန်ခေါ်မှုဖြစ်ပြီး နိုင်ငံ့ဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်စေနိုင်**
- ❖ **စစ်တွေတက္ကသိုလ်ရှိ ဆရာ၊ ဆရာမများတွင် ဒေသခံများပါဝင်ခြင်းကြောင့် မိမိတို့ဒေသတိုးတက်ရေးအတွက် မိမိတို့သင်ကြားပေးနေရသည့် ကျောင်းသား၊ ကျောင်းသူများ ပညာတတ်များဖြစ်စေရေး စနစ်တကျ သင်ကြားလေ့ကျင့်ပေးရန်လို**

☆ စာမျက်နှာ ၄ မှ

နိုင်ငံတစ်ခုဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးသည် လွန်စွာအရေးကြီးပြီး မိမိတို့နိုင်ငံအနေဖြင့် လွန်ခဲ့သည့်ကာလများကို လေ့လာကြည့်ပါက အတန်းလိုက် တန်းစဉ်ကူးပြောင်းမှုများ နည်းပါးခဲ့ကြောင်း၊ ရခိုင်ပြည်နယ်တွင်လည်း တန်းစဉ်ကူးပြောင်းမှုများ နည်းပါးခဲ့သည်ကို တွေ့ရှိရကြောင်း၊ ထိုသို့ဖြစ်ပေါ်ခဲ့ခြင်းမှာ နိုင်ငံတော်အတွက် စိန်ခေါ်မှုဖြစ်ပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်စေနိုင်ကြောင်း၊ ပညာရေးအားပေးမှုနည်းပါးခြင်းကြောင့် နိုင်ငံတော်ကို အဘက်ဘက်မှ ထိခိုက်စေနိုင်ပြီး လုပ်ငန်းများဆောင်ရွက်ရာတွင် အောင်မြင်မှုများ ရာခိုင်နှုန်းပြည့် မရရှိနိုင်ကြောင်း၊ စစ်တွေတက္ကသိုလ်ရှိ ဆရာ ဆရာမများတွင် ဒေသခံများပါဝင်ခြင်းကြောင့် မိမိတို့ဒေသတိုးတက်ရေးအတွက် မိမိတို့သင်ကြားပေးနေရသည့် ကျောင်းသားကျောင်းသူများ ပညာတတ်များဖြစ်စေရေး စနစ်တကျ သင်ကြားလေ့ကျင့်ပေးရန်လိုကြောင်း။

**စနစ်တကျသင်ကြားပေး**

အခြေခံပညာအဆင့်၌ သင်ကြားသင်ယူမှုများဆောင်ရွက်ရာတွင် ပို့ချသင်ကြားခြင်း(Teaching)ကို အဓိကထားဆောင်ရွက်ရပြီး အဆင့်မြင့်ပညာအဆင့် သင်ကြားသင်ယူမှုများ ဆောင်ရွက်ရာတွင် တွေးခေါ်လေ့လာသင်ကြားခြင်း(Studying)ကို အဓိကထား ဆောင်ရွက်ကြကြောင်း၊ ထို့ကြောင့် ကျောင်းသား ကျောင်းသူများ အတွေးအခေါ် ကောင်းမွန်စေရေးနှင့် ပညာရပ်များကို မှန်ကန်စွာ တတ်မြောက်စေရေး စနစ်တကျ သင်ကြားပေးကြစေလိုကြောင်း၊ ကျောင်းသား ကျောင်းသူများ၏ အတွေးအခေါ်များ ကောင်းမွန်လာမည်ဆိုပါက ၎င်းတို့၏ ဘဝကောင်းမွန်ရေးအတွက် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ တက္ကသိုလ်အတွေ့အကြုံသည်လည်း အရေးကြီးကြောင်း၊ နေရပ်ဒေသအသီးသီးမှလာရောက်သင်ကြားသည့် ကျောင်းသား ကျောင်းသူများအနေဖြင့် တက္ကသိုလ်မှသင်ကြားပေးမည့် အသိပညာ၊ အတတ်ပညာများအပြင် လူမှုစီးပွားဘဝကို တိုးတက်ကောင်းမွန်စေမည့် နေထိုင်မှုပုံစံ၊ စားသောက်မှုပုံစံ၊ ဝတ်စားဆင်ယင်မှုပုံစံနှင့် တွေးခေါ်မြော်မြင်မှုပုံစံစသည့်အတွေ့အကြုံများကို ကောင်းမွန်စွာရရှိစေလိုကြောင်း၊ ပညာသင်ကြားရာတွင် ဘာသာရပ်ဆိုင်ရာပညာရပ်များအလိုက် ပညာများသာမက လူမှုရေးအတွေ့အကြုံများကိုပါ ရရှိသွားစေလိုကြောင်း၊ တက္ကသိုလ်သည် ဘာသာရပ်ဆိုင်ရာများနှင့် အတွေ့အကြုံကောင်းများရရှိရေး သင်ကြားဆောင်ရွက်ပေးသည့်နေရာဖြစ်သဖြင့် ပညာသင်ကြားရေး ဆောင်ရွက်နေသူ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအနေဖြင့် နိုင်ငံရေးထက် နိုင်ငံ့အရေးကိုသာ အလေးထားစေလိုကြောင်း။

ကျောင်းသား ကျောင်းသူများအနက် ဘာသာရပ်များအလိုက် ထူးချွန်သူများအနေဖြင့် အဆင့်မြင့်သော ပညာသင်ကြားမှုများကို ဆက်လက်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် ဒီမိုကရေစီလမ်းကြောင်းကို လျှောက်လှမ်းနေခြင်း ဖြစ်သော်လည်း ဒီမိုကရေစီ၏ အခြေခံဖြစ်သည့် ဥပဒေအား လေးစားလိုက်နာခြင်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် စီးပွားရေး အသိအမြင်ရှိခြင်းတို့၌ အားနည်းချက်များရှိကြောင်း၊ ကျောင်းသား ကျောင်းသူများအနေဖြင့် ဥပဒေဆိုင်ရာများနှင့် စီးပွားရေးဆိုင်ရာများကို သိရှိနိုင်ရန်လိုကြောင်း၊ ထို့ကြောင့် ဥပဒေပညာရပ်ကို နားလည်သိရှိစေရေး တက္ကသိုလ်အားလုံးတွင် ဥပဒေပညာရပ်ကို သင်ကြားပေးလျက်ရှိကြောင်း၊ အလားတူ စီးပွားရေးနှင့်ပတ်သက်သည့် အသိအမြင်များရှိစေရေးအတွက်လည်း စီးပွားရေး အခြေခံဘာသာရပ်များကို သင်ကြားပေးလျက်ရှိကြောင်း၊ မိမိတို့၏ မျှော်မှန်းချက်မှာ တက္ကသိုလ်ပညာသင်ကြားပြီး ဘွဲ့ရရှိပြီးသူများအနေဖြင့် ၎င်းတို့၏ လူမှုစီးပွားဘဝနှင့် ပတ်ဝန်းကျင်ကို ကောင်းမွန်အောင် ဆောင်ရွက်နိုင်သူများဖြစ်ရန်အတွက် မျှော်မှန်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ဆရာ ဆရာမများအနေဖြင့်လည်း ကျောင်းသား ကျောင်းသူများ ပညာတတ်မြောက်စေရေးနှင့် ၎င်းတို့၏ ဘဝတစ်လျှောက်ကောင်းမွန်မှန်ကန်စွာ လျှောက်လှမ်းနိုင်ရေး ကြိုးပမ်းဆောင်ရွက်ပေးကြစေလိုကြောင်း။

**ကျောင်းသားနှင့်ဆရာ အချိုးညီမျှအောင်ခန့်အပ်**

တက္ကသိုလ်တက်ရောက်နေသည့် ကျောင်းသား ကျောင်းသူများအနေဖြင့် မိမိတို့ တက္ကသိုလ်အပေါ် ဂုဏ်ယူနိုင်စေရန်အတွက် ကျောင်းပတ်ဝန်းကျင်နှင့် ကျောင်းပရိဝုဏ်အတွင်း သန့်ရှင်းသာယာလှပရေး တာဝန်ရှိသူများအနေဖြင့် စနစ်တကျ ဆောင်ရွက်ပေးကြစေလိုကြောင်း၊ ဆရာ ဆရာမများ ခန့်အပ်တာဝန်ပေးရာတွင်လည်း သတ်မှတ်ဘာသာရပ်များအလိုက် ကျောင်းသားနှင့် ဆရာ အချိုးညီမျှအောင် ခန့်အပ်တာဝန်ပေးရန်လိုကြောင်း၊ စစ်တွေတက္ကသိုလ်အတွက် လိုအပ်သည့် ကျောင်းသား ကျောင်းသူအိပ်ဆောင်များ၊ စာသင်ဆောင်များ လိုအပ်မှုအတွက်လည်း ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ လာမည့်ပညာသင်ကြားနှစ်များတွင် ထပ်မံတိုးတက်လာမည့် ကျောင်းသား ကျောင်းသူများအတွက်လည်း ကြိုတင်တွက်ချက် ဆောင်ရွက်သွားရန်လိုကြောင်း၊ ဘောလုံးကွင်းအဆင့်မြှင့်တင်မှုနှင့်ပတ်သက်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ စစ်တွေတက္ကသိုလ်ရှိ ကျောင်းသား ကျောင်းသူများ ပညာရည်မြင့်မားရေးနှင့် အသိပညာများတိုးတက်စေရေး အုပ်ချုပ်မှုပိုင်းဆိုင်ရာ တာဝန်ရှိသူများနှင့် ဆရာ ဆရာမများအနေဖြင့် ကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်း မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တက္ကသိုလ်နှင့် အဆောင်များအတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် စစ်တွေမြို့ View Point သို့ ရောက်ရှိကြပြီး ဒေသခံပြည်သူများ စိတ်လက်ချမ်းမြေ့စွာဖြင့် အပန်းဖြေအနားယူနေမှုများကို ကြည့်ရှု၍ ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ပြီး စစ်တွေမြို့ View Point သန့်ရှင်းသာယာလှပစေရေးအတွက် တာဝန်ရှိသူများကို လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေ စီမံခန့်ခွဲမှုအဖွဲ့ အစည်းအဝေး(၁/၂၀၂၃)ကျင်းပ



နေပြည်တော် မတ် ၃၀

အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေ စီမံခန့်ခွဲမှုအဖွဲ့၏ (၁/၂၀၂၃) အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ရုံးအမှတ်(၃၄) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ အဖွဲ့ဝင်များဖြစ်ကြသော စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ စက်မှုဝန်ကြီးဌာန၊ ဥပဒေရေးရာဝန်ကြီးဌာန၊ မြန်မာနိုင်ငံဘဏ်များအသင်း၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက နိုင်ငံတော်၏ စီးပွားရေး ဦးတည်ချက်(၄)ရပ်အနက် တတိယ ဦးတည်ချက်ဖြစ်သော “သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်း (MSMEs)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး”ဟူသော ဦးတည်ချက်နှင့်အညီ နိုင်ငံတော်က ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီရန်၊ တိုင်းပြည်၏ စီးပွားရေးမြှင့်တင်ရန်၊ ပြည်ပသွင်းကုန်များ အစားထိုးနိုင်ရန်နှင့် ပြည်ပသို့ ပြည်တွင်းထုတ်ကုန်များ တင်ပို့နိုင်ရန်အတွက် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်းများသို့ အတိုးနှုန်းသက်သာမှုရှိသော ချေးငွေများထုတ်ချေးပေးရန် စီစဉ်လျက်ရှိကြောင်း၊ ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၂၂ ရက်တွင် ကျင်းပခဲ့သော(၁/၂၀၂၂) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်အရ ရန်ပုံငွေရရှိသုံးစွဲရေးနှင့် ပေါင်းစည်းညှိနှိုင်းရေးအဖွဲ့၊ ချေးငွေဆိုင်ရာလုပ်ငန်းအဖွဲ့နှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာလုပ်ငန်းအဖွဲ့တို့ကို ဖွဲ့စည်းခဲ့ပြီးဖြစ်ကြောင်း၊ မြန်မာ့စီးပွားရေးဘဏ်တွင် “အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေ” အမည်ဖြင့် ကနဦးမတည်ငွေအဖြစ် နိုင်ငံတော်က ထောက်ပံ့ငွေကျပ် ၁၇၀ ဘီလီယံကို ထည့်သွင်းခဲ့ပြီးဖြစ်ကြောင်း၊ ရန်ပုံငွေသုံးစွဲရာတွင် လိုက်နာရမည့်ဘဏ္ဍာရေးစည်းမျဉ်းအတည်ပြု ထုတ်ပြန်နိုင်ရေး၊ ထုတ်ချေးမည့် ချေးငွေများအတွက် လုပ်ထုံးလုပ်နည်းအား အတည်ပြု ထုတ်ပြန်နိုင်ရေး၊ ရန်ပုံငွေမှ ချေးငွေသက်သက်ကိုသာ ထုတ်ချေးခြင်းမဟုတ်ဘဲ စွမ်းဆောင်ရည်ကောင်းမွန်သည့် MSME များအား ဆုချီးမြှင့်ခြင်း၊ MSME ထုတ်ကုန်ပြပွဲ/ပြိုင်ပွဲများနှင့် အသိပညာပေးစကားဝိုင်းများ ကျင်းပခြင်းတို့အတွက်လည်း သင့်လျော်သလို သုံးစွဲနိုင်ရန် လုပ်ထုံးလုပ်နည်းသီးခြား ရေးဆွဲထားရှိရေးတို့အတွက် အဖွဲ့ဝင်များက ဝိုင်းဝန်းဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေ စီမံခန့်ခွဲရေးအဖွဲ့၊ အတွင်းရေးမှူးက (၁/၂၀၂၂) အစည်းအဝေး ဆုံးဖြတ်ချက်အပေါ် ဆောင်ရွက်ပြီးစီးမှုနှင့် MSME ချေးငွေရရှိရေးအတွက် တင်ပြ လျှောက်ထားလာသော လုပ်ငန်းစီမံချက်များ၊ နိုင်ငံတော် ထောက်ပံ့ငွေကျပ် ၁၇၀ ဘီလီယံမှ ချေးငွေမဟုတ်သည့် ကိစ္စရပ်များအတွက် လုပ်ထုံးလုပ်နည်းရေးဆွဲနိုင်ရေး အဆိုပြုတင်ပြခြင်း၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှ ဘဏ္ဍာရေးစည်းမျဉ်းအား အတည်ပြု ထုတ်ပြန်နိုင်ရေး ဆောင်ရွက်နေသည့် အခြေအနေ၊ မြန်မာ့စီးပွားရေးဘဏ်မှ MSME လုပ်ငန်းများသို့ ချေးငွေထုတ်ချေးခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းရေးဆွဲထားမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြခဲ့ကြပြီး အစည်းအဝေး တက်ရောက်လာကြသည့် အဖွဲ့ဝင်များက ဝိုင်းဝန်းအကြံပြုသုံးသပ်ဆွေးနွေးကြသည်။

ထို့နောက် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေစီမံခန့်ခွဲရေးအဖွဲ့ ဥက္ကဋ္ဌ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကာ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ဆွေးနွေးဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❖ ကျောဖုံးမှ

ရန်ကုန်တိုင်းဒေသကြီး၏ ခရီးသွားလုပ်ငန်းကို အသက်ဝင်စေလျက်ရှိရာ ရန်ကုန်မြို့သို့ ၂၀၂၂ ခုနှစ်တွင် နိုင်ငံတကာခရီးသွား ၈၇၅၀၆ ဦး ဝင်ရောက်ခဲ့၍ ၂၀၂၃ ခုနှစ် ဇန်နဝါရီလတွင် ၁၆၇၇၄ ဦး၊ ဖေဖော်ဝါရီလတွင် ၂၂၀၃၈ ဦးနှင့် မတ်လတွင် ၂၂၀၀၀ ကျော် ဝင်ရောက်ခဲ့ကြောင်း သိရသည်။

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနအနေဖြင့် ခရီးသွားလာရေးလုပ်ငန်းများကို နိုင်ငံတော်အတွက် နိုင်ငံခြားငွေရှာဖွေပေးသည့် အရေးကြီးသော စီးပွားရေးကဏ္ဍဖြစ်စေရန်၊ ခရီးသွားလာရေးလုပ်ငန်း ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံး၏ ယဉ်ကျေးမှုအမွေအနှစ်များ၊ ဓလေ့ထုံးစံများ၊ ရေမြေတောတောင် သဘာဝပတ်ဝန်းကျင်တို့ကို ထိန်းသိမ်းစောင့်ရှောက်ရန်၊ ခရီးသွားလာရေးလုပ်ငန်းကဏ္ဍတိုးတက်ကျယ်ပြန့်စွာ ဆောင်ရွက်ခြင်းဖြင့် ပြည်သူတို့၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ပြည်တွင်း ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်၊ နိုင်ငံတကာနှင့် ဒေသတွင်းချုပ်ဆိုထားသော သဘောတူစာချုပ်များကို နိုင်ငံ၏အကျိုးစီးပွားနှင့်ယှဉ်၍ တတ်စွမ်းသမျှအကောင်အထည်ဖော်ဆောင်ရန်၊ ငြိမ်းချမ်းရေးတည်ဆောက်ရာတွင် ခရီးသွားလာရေးကဏ္ဍအနေဖြင့် ပါဝင်ဖြည့်ဆည်းအကျိုးပြုစေရန်နှင့် ရေရှည်တည်တံ့ခိုင်မြဲသော အများပါဝင်မှုရှိသည့် တာဝန်သိ ခရီးသွားလုပ်ငန်းအဖြစ် ဖော်ဆောင်ရေးတို့ကို ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ နိုင်ငံတကာခရီးသွားများ ကိုဗစ်လွန်ကာလ၌ မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်နိုင်ရန် ခရီးသွားများကို ကြိုဆိုလျက်ရှိသည်။

“၂၀၂၂ ခုနှစ် ဇန်နဝါရီလမှာ ရန်ကုန်မြို့ကို နိုင်ငံတကာခရီးသွား ၂၁၆၀ ဝင်ရောက်ခဲ့ပြီး ၂၀၂၃ ခုနှစ်ရဲ့ နှစ်ဆန်းပိုင်းမှာလည်း တစ်လထက်တစ်လ တိုးလာပါတယ်။ ၂၀၂၃ ခုနှစ် ဇန်နဝါရီလမှာ နိုင်ငံခြားခရီးသွား ၁၆၇၇၄ ဦးဝင်ရောက်ခဲ့ပြီးတော့ ဖေဖော်ဝါရီလနဲ့ မတ်လမှာလည်း တိုးလာတယ်။ ဒါကြောင့်ဧပြီလသင်္ကြန်ကာလမှာလည်း ခရီးသွားပိုပြီး ဝင်ရောက်နိုင်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီးမှာ ခရီးသွားကဏ္ဍတိုးတက်ဖို့ ဌာနအနေနဲ့ ဟိုတယ်လုပ်ငန်းရှင်များအသင်းနဲ့ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်တို့ ပူးပေါင်းဆောင်ရွက်နေတာရှိပါတယ်”ဟု ရန်ကုန်တိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးနန္ဒာအောင်က ပြောသည်။

ကိုဗစ်-၁၉ ရောဂါသက်ရောက်ချိန်တွင် ခရီးသွားလုပ်ငန်းများကို ရပ်နားခဲ့ပြီး ရောဂါဖြစ်ပွားမှု လျော့ကျလာချိန် ၂၀၂၁ ခုနှစ်မှစ၍ နိုင်ငံတော်က ခရီးသွားလုပ်ငန်းကို ပြန်လည်ဖွင့်လှစ်ခဲ့ရာ ပြည်တွင်း/ပြည်ပခရီးသွားများဖြင့် ခရီးသွားလုပ်ငန်း ပြန်လည်အသက်ဝင်ခဲ့သည်။ ၂၀၂၂ ခုနှစ် ခရီးသွားရာသီတွင် ပုဂံယဉ်ကျေးမှုနယ်မြေသို့ ပြည်တွင်းခရီးသွား အမြင့်ဆုံးဝင်ရောက်ခဲ့ပြီး ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်လုပ်ငန်းများ စီးပွားရေးအခွင့်အလမ်း ပြန်လည်ပွင့်လန်းခဲ့သည်။ သင်္ကြန်ကာလသည် မြန်မာ့ခရီးသွားရာသီ၏ နောက်ဆုံးလဖြစ်၍ နိုင်ငံတကာခရီးသွားများ ပိုမိုဝင်ရောက်နိုင်ရန် ရန်ကုန်မြို့နှင့် ယဉ်ကျေးမှုအမွေအနှစ်တို့တည်ရှိရာ ဒေသများက ခရီးသွားများကို ဖိတ်ခေါ်လျက်ရှိရာ သင်္ကြန်ကာလ၌ နိုင်ငံတကာခရီးသွား ပိုမိုဝင်ရောက်နိုင်မည်ဟု ခန့်မှန်းထားကြောင်း သိရသည်။

**ညိမ်းသူ(သတင်းစဉ်)၊ ဓာတ်ပုံ - ကန္ဒီး**

# နေ့စဉ်ဘဝကျန်းမာဖို့ ဆီစားသုံးမှုလျှော့ကြစို့

ကိုငြိမ်းငယ်(ကျွန်းဒေါင့်)

မြန်မာလူမျိုးတို့၏ မီးဖိုချောင်ထဲတွင် အဓိက အနေဖြင့် ပါဝင်နေသော စားသောက်ကုန်ပစ္စည်းမှာ ဆန်ဖြစ်သည်။ စားသောက်ကုန်ပစ္စည်းများတွင် ဆန်မှာ ပထမဦးစားပေးဖြစ်ပြီး ဆီမှာ ဒုတိယ ဦးစားပေးနေရာတွင်ရှိသည်။ ဆန်ကို ထမင်းအဖြစ် စားသုံးရန် အဓိကအသုံးပြုသော်လည်း ဆီကိုမူ ဟင်းချက်ရန်၊ ကြော်လှော်ရန်၊ အသုပ်အမျိုးမျိုးနှင့် ငါးခြောက်ဖုတ်တို့ကဲ့သို့သော အစားအစာများကို ဆီစိမ်းဆမ်း၍ဖြစ်စေ၊ ဆီကျက်ချက်၍ဖြစ်စေ ပြုလုပ်စားသုံးကြသည်။ သို့ရာတွင် မြန်မာလူမျိုးအများစုသည် ဆီ၏သဘာဝများကို သေချာစွာမသိဘဲ နှစ်နှစ်ခြိုက်ခြိုက်ဖြင့် အတိုင်းအဆမရှိ စားသုံးနေကြသည်။ ထိုသို့ ဆီကို အလွန်အကျွံစားသုံးနေခြင်းသည် ကျန်းမာရေးဆိုင်ရာအန္တရာယ်များကို ဖိတ်ခေါ်နေခြင်းဖြစ်ကြောင်း သိရှိကြ၍ သတိပြုဆင်ခြင်သင့်လှသည်။

ဆီစားသုံးရာတွင် ဘေးကင်းလုံခြုံမှုမရှိခြင်းကြောင့် ကျန်းမာရေးအပေါ် ဆိုးကျိုးသက်ရောက်စေမှုမှာ အလွန်ကြီးမားသည်။ ဆီစားသုံးမှုနှင့်ဆက်နွှယ်နေသော ကျန်းမာရေးပြဿနာများကို လေ့လာပါက အခြေခံအချက်နှစ်ချက်ကို တွေ့ရမည်ဖြစ်သည်။ ပထမအချက်မှာ ကျန်းမာရေးနှင့်မညီသည့်ဆီများကို စားသုံးမိခြင်းဖြစ်ပြီး ဒုတိယအချက်မှာ စားသုံးသင့်သည်ထက် ပို၍စားသုံးနေခြင်းတို့ဖြစ်သည်။ မြန်မာတို့၏ ဟင်းလျာအများစုတွင်လည်း ဆီပြန်ဟင်းများသည် ဟင်းကောင်းအဖြစ် နေရာယူလျက်ရှိသည်။ ဟင်းလျာတို့တွင် ဆီနည်းနေပါက “ဟင်းက ဆီတောင်မပါဘူး”ဟု ဆိုတတ်ကြပါသေးသည်။ မြန်မာဟင်းလျာများတွင် ဆီများကို လိုအပ်သည်ထက် ပို၍သုံးစွဲခြင်းမရှိအောင် ဂရုပြုကြရပါမည်။

လူသားတို့ နေ့စဉ်စားသုံးနေကြသောဆီများတွင် မပြည့်ဝဆီများသည် ကျန်းမာရေးအတွက် ပိုမိုကောင်းမွန်စေသည်။ ဆီများကို ဓာတ်ခွဲစစ်ဆေးပြီး ထုတ်ပြန်ချက်များအရ နှမ်းဆီ၊ နေကြာဆီ၊ မြေပဲဆီ၊ ပဲပုပ်ဆီများသည် မပြည့်ဝဆီများဖြစ်ကြပြီး စားအုန်းဆီမှာ ပြည့်ဝဆီဖြစ်ကြောင်း သိရသည်။ ပြည်တွင်းမှဖြစ်စေ၊ ပြည်ပမှဖြစ်စေ သတ်မှတ်အရည်အသွေးပြည့်မီစွာ တင်သွင်းရောင်းချခွင့်ရရှိထားသော ဆီများကိုသာ စားသုံးသင့်သည်။ ထို့ပြင် ကျန်းမာရေးကို မထိခိုက်စေရန် ဆီသိုလှောင်ထုပ်ပိုးသည့်နေရာများ သန့်ရှင်းစေရေးနှင့် ရောင်းချသည့်နေရာများ သန့်ရှင်းမှုရှိစေရေးတို့အတွက် အဆင့်ဆင့်ဆောင်ရွက်ကြရန် လိုအပ်သည်။

မြန်မာလူမျိုးတို့သည် ဧည့်ဝတ်ကျေပွန်ချင်စိတ် အလွန်ထက်သန်ကြသည်။ ဧည့်သည်များကိုလည်း



ကောင်းမွန်စွာ ချက်ပြုတ်ကျွေးမွေးတတ်ကြသည်။ သို့ရာတွင် အဓိကပြဿနာမှာ ဟင်းလျာချက်ပြုတ်ကြရာတွင် အများအားဖြင့် ဆီကိုလိုအပ်သည်ထက် ပို၍သုံးစွဲတတ်ကြသည်။ ထို့ပြင် မြန်မာလူမျိုးအများစုသည် မိမိတို့၏ ဧည့်ဝတ်ပျူငှာမှုကို ပြသသည့်အနေဖြင့် ဧည့်သည်များကို တည်ခင်းကျွေးမွေးရာ၌ ဟင်းများကို ဆီများပြည့်နေအောင် ချက်ပြုတ်ကျွေးမွေးလေ့ရှိကြသည်။ ထိုအပြုအမူများသည် ကျန်းမာရေးကို ထိခိုက်စေသောကြောင့် သတိပြုဆင်ခြင်ရမည်ဖြစ်သည်။

အိမ်ရှင်မများအနေဖြင့် ဟင်းလျာချက်ပြုတ်ရာတွင် အသုံးပြုရမည့်ဆီနှင့်ပတ်သက်၍ မည်သည့်ဆီအမျိုးအစားကို အသုံးပြုရမည်နည်းဟူသောမေးခွန်း ထုတ်စရာရှိသည်။ ကျွန်ုပ်တို့အနေဖြင့် နေ့စဉ်စားသုံးနေကြသော ဆီအမျိုးအစားများတွင် အခြေခံအားဖြင့် သုံးမျိုးရှိသည်။ ထိုဆီအမျိုးအစား သုံးမျိုးမှာ (၁) ကျန်းမာရေးအရ သင့်တင့်မျှတစွာ စားသုံးနိုင်သော မပြည့်ဝဆီများ (Unsaturated fats)၊ (၂)တတ်နိုင်သမျှ လျှော့၍စားသုံးသင့်သောပြည့်ဝဆီများ(Saturated fats)နှင့်(၃)လုံးဝမစားသုံးသင့်သော အသွင်ပြောင်းဆီများ(Trans fats)ဟူ၍ ဖြစ်သည်။

**မပြည့်ဝဆီများ (Unsaturated fats)**

မြေပဲဆီ၊ နှမ်းဆီ၊ နေကြာဆီနှင့် ငါးအမျိုးမျိုးမှ ရသောဆီများသည် မပြည့်ဝဆီများ (Unsaturated fats) ဖြစ်သည်။ မပြည့်ဝဆီများသည် ကျန်းမာရေးအတွက် အမှန်တကယ်အကျိုးပြုသောဆီဖြစ်သည်။ မပြည့်ဝဆီများကို သင့်တင့်မျှတစွာ စားသုံးခြင်းအားဖြင့် ခန္ဓာကိုယ်အတွက် ကောင်းမွန်သော သွေးတွင်းအဆီဓာတ်များကို မြင့်တက်စေသည်။ ထို့အတူ မကောင်းသောအဆီဓာတ်များကိုလည်း လျှော့ချပေးသည်။ ထို့ကြောင့် နှလုံးသွေးကြောကျဉ်းရောဂါ ဖြစ်ပွားနိုင်မှုမှ ကာကွယ်ပေးပြီး နှလုံးရောဂါဖြစ်နိုင်ခြေကိုလည်း လျော့ကျစေနိုင်သည်။

**ပြည့်ဝဆီများ (Saturated fats)**

စားအုန်းဆီ၊ ဆီကြော်အစားအစာများ၊ တိရစ္ဆာန်မှရသောအဆီများသည် ပြည့်ဝဆီများ (Saturated fats) ဖြစ်သည်။ ပြည့်ဝဆီများသည် တတ်နိုင်သမျှ လျှော့၍စားသုံးသင့်သောဆီများဖြစ်သည်။ ပြည့်ဝဆီများ စားသုံးမှုများပြားခြင်းသည် ခန္ဓာကိုယ်တွင်းရှိ မကောင်းသောသွေးတွင်းအဆီဓာတ်များကိုမြင့်တက်စေသည်။ ထို့ကြောင့် ပြည့်ဝဆီများကို အလွန်အကျွံစားသုံးခြင်းဖြင့် အဝလွန်ခြင်း၊ အသည်းအဆီဖုံးခြင်း၊ သွေးကြောနံရံတွင် အဆီများခဲ၍ သွေးကြောကျဉ်းရောဂါဖြစ်ခြင်း၊ နှလုံးသွေးကြောပိတ်ရောဂါနှင့် လေဖြတ်ခြင်းတို့ကို ဖြစ်စေနိုင်သည်။

> **မပြည့်ဝဆီများကို သင့်တင့်မျှတစွာ စားသုံးခြင်းအားဖြင့် ခန္ဓာကိုယ်အတွက် ကောင်းမွန်သော သွေးတွင်းအဆီဓာတ်များကို မြင့်တက်စေသည်။ ထို့အတူ မကောင်းသောအဆီဓာတ်များကိုလည်း လျှော့ချပေးသည်**

လူသားတို့အနေဖြင့် တတ်နိုင်သမျှ လျှော့၍ စားသုံးသင့်သော စားအုန်းဆီများကိုပင် စစ်မှန်အောင် မရောင်းချဘဲ မြေပဲနံ့၊ နှမ်းနံ့များရအောင် ဓာတုအနံ့များထည့်သွင်းကာ မြေပဲဆီ၊ နှမ်းဆီများအဖြစ် လိမ်လည်ရောင်းချခြင်းများကို ဈေးကွက်ထဲတွင် တစ်ခါတစ်ရံ တွေ့ရတတ်သည်။ ထို့ပြင် ကျန်းမာရေးအတွက် အန္တရာယ်ရှိသော မသန့်စင်ရသေးသည့် ဝါစေ့ဆီအနီရောင်ကို အရောင်လှစေရန် ရောစပ်၍ နှမ်းဆီအဖြစ် ရောင်းချခြင်း၊ ရောဆီ၊ စပ်ဆီဟုဆို၍ မြေပဲဆီနှင့်စားအုန်းဆီများကို ရောနှောထားပြီး ပါဝင်ပစ္စည်းဖော်ပြရာတွင် ဆီအမျိုးအစားနှင့် ရာခိုင်နှုန်းကို မှန်ကန်စွာဖော်ပြမှု မရှိဘဲ ရောင်းချခြင်းများကို တွေ့ရှိရသည်။

စားသုံးသူပြည်သူများသည် ဆီကို တန်ရာတန်ကြေးပေး၍ ဝယ်ယူနေခြင်းဖြစ်သောကြောင့် ရောင်းချသူများကလည်း ရိုးသားကြရမည်ဖြစ်သည်။ ထိုသို့မဟုတ်ဘဲ မိမိတို့အတွက် အမြတ်များများ ရရှိရေးကိုသာ တစ်ကိုယ်ကောင်းဆန်ဆန် ပြုလုပ်နေပါက ပြည်သူများမှာ ရောဂါကို ငွေဖြင့်ဝယ်ယူနေရသကဲ့သို့ ဖြစ်နေပေတော့မည်။ အကြော်အလှော်မျိုးစုံ ရောင်းချသူများအနေဖြင့်လည်း ဆီသန့်အသစ်ကို အသုံးပြုရမည့်အစား ပြန်ကြော်ဆီများကိုသာ ထပ်တလဲလဲဖြင့် သုံးစွဲခြင်းမျိုးကို ရှောင်ကြဉ်ကြရပါမည်။ ကာယဗလ၊ ဉာဏဗလ၊ ဘောဂဗလ၊ မိတ္တဗလ၊ စာရိတ္တဗလတည်းဟူသော ဗလငါးတန်တွင် အခြေခံအချက်မှာ ကာယဗလပင်ဖြစ်သည်။

နိုင်ငံတစ်နိုင်ငံရှိ နိုင်ငံသားတို့ မကျန်းမာလျှင် ထိုနိုင်ငံသားများ၏ကြီးပွားရေး၊ စီးပွားရေး၊ လူမှုရေးများမှအစပြု၍ တိုင်းပြည်ထူထောင်ရေးလုပ်ငန်းများ၊ ခေတ်မီဖွံ့ဖြိုးရေးလုပ်ငန်းများ စသည်တို့တွင် ထိရောက်စွာ ကြိုးစားပြုလုပ်နိုင်ကြမည်မဟုတ်ပေ။ ထိုသို့ ကျန်းမာရေးကဏ္ဍသည် အမျိုးသားရေးတာဝန်တစ်ရပ်သဖွယ် အရေးပါနေသောကြောင့် ဆီစားသုံးမှုနှင့် ဝယ်ယူရောင်းချမှုများတွင် စည်းကမ်းရှိရန် အထူးလိုအပ်သည်။

**အသွင်ပြောင်းဆီများ (Trans fats)**

အသင့်စားအစားအစာများဖြစ်သော အာလူးကြော်၊ ကြက်ကြော်၊ ကိတ်မုန့်၊ ပေါင်မုန့်စသည်တို့တွင် ပါဝင်သောဆီများသည် အသွင်ပြောင်းဆီများ (Trans fats) ဖြစ်သည်။ အသွင်ပြောင်းဆီများသည် အစားအစာများကို တာရှည်ခံပြီး အရသာရှိစေရန်အတွက် ပုံမှန်အသုံးပြုသောဆီထဲတွင် ဟိုက်ဒရိုဂျင်ဓာတ်ပေါင်းထည့်ထားသော ဆီများဖြစ်သည်။ အသွင်ပြောင်းဆီများသည် မကောင်းသောသွေးတွင်းအဆီဓာတ်များကို မြင့်တက်စေပြီး ကောင်းသောသွေးတွင်းအဆီဓာတ်များကို လျော့ကျစေသည်။ ထို့ကြောင့် ပြည့်ဝဆီစားသုံးခြင်းကြောင့် ဖြစ်တတ်သောရောဂါများအပြင် သွေးတိုးရောဂါ၊ ဆီးချိုရောဂါနှင့် ခန္ဓာကိုယ်တွင်းရောင်ရမ်းခြင်း စသော နောက်ဆက်တွဲရောဂါများကိုဖြစ်စေနိုင်သည်။

သို့ရာတွင် စားသုံးသူပြည်သူအများစုမှာ ကျန်းမာရေးအသိပညာနှင့် ဗဟုသုတ မကြွယ်ဝသောကြောင့်လည်းကောင်း၊ ကျန်းမာရေးအသိရှိသော်လည်း ဝင်ငွေနည်းခြင်းကြောင့်လည်းကောင်း လုံခြုံစိတ်ချရသောဆီကို အများစုမှာ မစားသုံးနိုင်ကြပေ။ ရေရှည်ကောင်းကျိုးကို ကြည့်ရမည့်အစား အမြင်၊ အနံ့ဖြင့်သာ ရွေးချယ်ဝယ်ယူကြသောကြောင့် အချို့ထုတ်လုပ်သူများက မမှန်မကန် ထုတ်လုပ်လျက်ရှိနေသည်။ မပြည့်ဝဆီများကို သင့်တင့်မျှတအောင် စားသုံးပါက လူသားတို့အတွက် များစွာအကျိုးပြုစေသည်။ ထို့ပြင် ပြည့်ဝဆီများကို အတတ်နိုင်ဆုံး လျှော့၍စားသုံးကြရပါမည်။ လူတိုင်းသည် ရေလုံပြုတ်ဟင်းကို နေ့စဉ်မစားသုံးနိုင်ကြသည့်အတွက် ကျန်းမာရေးနှင့်ကိုက်ညီစေရန် ဆီကို အနည်းငယ်သာအသုံးပြုပြီး ဟင်းလျာချက်ပြုတ်ရပါမည်။

အချုပ်အားဖြင့်ဆိုရသော် ဈေးကွက်ထဲရှိ ရောင်းချသူများမှာ သူတို့၏ဆီအမျိုးအစားသည် အကောင်းဆုံးဖြစ်သည်ဟူသော အာမခံချက်များကို ပေးနေမည်သာဖြစ်သည်။ သို့ရာတွင် စားသုံးသူပြည်သူများအနေဖြင့် ဆီကို အနည်းဆုံးထား၍ သုံးနိုင်လေလေ ကျန်းမာရေးအတွက် အကောင်းဆုံးနည်းလမ်းဖြစ်လေလေဆိုသည်ကို သိရှိလိုက်နာနိုင်ကြစေလိုကြောင်း ဆန္ဒပြုရင်း ရေးသားလိုက်ရပါသည်။ ။

**ကိုးကား – ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**
**(ဒီနေ့အတွက် သိကောင်းစရာ)**

> **လူသားတို့ နေ့စဉ်စားသုံးနေကြသောဆီများတွင် မပြည့်ဝဆီများသည် ကျန်းမာရေးအတွက် ပိုမိုကောင်းမွန်စေသည်။ ဆီများကို ဓာတ်ခွဲစစ်ဆေးပြီး ထုတ်ပြန်ချက်များအရ နှမ်းဆီ၊ နေကြာဆီ၊ မြေပဲဆီ၊ ပဲပုပ်ဆီများသည် မပြည့်ဝဆီများဖြစ်ကြပြီး စားအုန်းဆီမှာ ပြည့်ဝဆီဖြစ်ကြောင်း သိရသည်။ ပြည်တွင်းမှဖြစ်စေ၊ ပြည်ပမှဖြစ်စေ သတ်မှတ်အရည်အသွေးပြည့်မီစွာ တင်သွင်းရောင်းချခွင့်ရရှိထားသော ဆီများကိုသာ စားသုံးသင့်**

# နေပြည်တော်တွင် လမ်းလျှောက်သင်္ကြန် အောင်မြင်စွာကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော်　မတ်　၃၀**

ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုဝင်များ၊ ပြည်သူများ မြန်မာ့ရိုးရာအတာသင်္ကြန်ကို ပျော်ရွှင်စွာဆင်နွှဲနိုင်ရေးအတွက် လမ်းလျှောက်သင်္ကြန် ကျင်းပရေးကော်မတီနှင့် ဆပ်ကော်မတီများ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးတင်ဦးလွင်၊ ဒုတိယဝန်ကြီး ဦးရဲတင့်၊ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးမင်းနောင်၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဦးမောင်မောင်၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံးမှ တာဝန်ရှိသူများ၊ Brilliant Aura Co.,Ltd မှ ပရောဂျက်ဒါရိုက်တာနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နေပြည်တော် လမ်းလျှောက်သင်္ကြန်ကျင်းပရေးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ယခုနှစ် နေပြည်တော်သင်္ကြန်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရန် စီစဉ်လျက်ရှိပြီး နေပြည်တော်ကောင်စီနှင့် ပူးပေါင်း၍ လမ်းလျှောက်သင်္ကြန်ကို ခမ်းခမ်းနားနား ထည့်သွင်းကျင်းပရန် စီစဉ်ထားပါကြောင်း၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် ကျင်းပခဲ့သော လမ်းလျှောက်သင်္ကြန်များကဲ့သို့ အဆင့်မီသော လမ်းလျှောက်သင်္ကြန်ဖြစ်စေရန် စီမံဆောင်ရွက်လျက်ရှိပါကြောင်း၊ နေပြည်တော်ရှိ ပြည်သူများ ပျော်ရွှင်စေရန်ဖြစ်သလို ဝန်ကြီးဌာနများမှ ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများလည်း ပျော်ရွှင်စေရန် စနစ်တကျ စီမံဆောင်ရွက်ထားပါကြောင်း၊ လမ်းလျှောက်သင်္ကြန်တွင် သနပ်ခါးသင်္ကြန်၊ တိုင်းရင်းသားသင်္ကြန်၊ လူငယ် Game သင်္ကြန်စသည်ဖြင့် ကလေး၊ လူငယ်၊ လူကြီးများအားလုံး ပျော်ရွှင်စေမည့် ကဏ္ဍများစွာ ပါဝင်ပြီး မြန်မာ့ရိုးရာသင်္ကြန်ကို ခေတ်နှင့်အညီ ပြင်ဆင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ လမ်းလျှောက်သင်္ကြန်ပွဲတော်ကို ဝန်ထမ်းများ၊ ပြည်သူများအားလုံး အချင်းချင်းချစ်ကြည်ရင်းနှီးမှု၊ ပျော်ရွှင်မှုရရှိအောင် ကျင်းပသည့်ပွဲဖြစ်သဖြင့် ဝန်ကြီးဌာနများက ပူးပေါင်းပါဝင်ဆင်နွှဲနိုင်ရေး စီမံဆောင်ရွက်ကြစေလိုပါကြောင်း ပြောကြားသည်။




နေပြည်တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးတင်ဦးလွင် နေပြည်တော်တွင် လမ်းလျှောက်သင်္ကြန် အောင်မြင်စွာကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးတွင် ဆွေးနွေးပြောကြားစဉ်။

ထို့နောက် နေပြည်တော် လမ်းလျှောက်သင်္ကြန်ကျင်းပရေးကော်မတီ ဒုတိယဥက္ကဋ္ဌ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဦးတင်ဦးလွင်က မဟာသင်္ကြန်ပွဲတော်တွင် နေပြည်တော်စည်ပင်သာယာရေးကော်မတီမဏ္ဍပ် အပါအဝင် ယခုနှစ်တွင် ဝန်ထမ်းများ၊ ပြည်သူများ လွတ်လပ်ပျော်ရွှင်စွာ ဆင်နွှဲနိုင်ရန် လမ်းလျှောက်သင်္ကြန်ကို ထပ်တိုးဆောင်ရွက်သွားမည်ဖြစ်ပြီး နေပြည်တော်ကောင်စီအနေဖြင့် ပေါင်းစပ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် နေပြည်တော်လမ်းလျှောက်သင်္ကြန်ကျင်းပရေးကော်မတီအတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးရဲတင့်က လမ်းလျှောက်သင်္ကြန်နှင့်ပတ်သက်၍ စုဖွဲ့ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ Brilliant Aura Co.,Ltd မှ ပရောဂျက်ဒါရိုက်တာက နေပြည်တော်တွင် လမ်းလျှောက်သင်္ကြန်ကျင်းပနိုင်ရေးအတွက် ဆောင်ရွက်ထားရှိမှုအခြေအနေများကို အသေးစိတ် ရှင်းလင်းတင်ပြသည်။

ထို့နောက် လမ်းလျှောက်သင်္ကြန်အတွက် ပေါင်းစပ်ညှိနှိုင်းရေးမှူး မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်အောင်က လမ်းလျှောက်သင်္ကြန်တွင် ဝန်ကြီးဌာနမဏ္ဍပ်များ နေရာချထားမှုအခြေအနေနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယမြို့တော်ဝန်၊ တက်ရောက်လာကြသူများနှင့် ဆပ်ကော်မတီများက လုံခြုံရေးဆိုင်ရာကိစ္စရပ်များ၊ ရေရရှိရေးနှင့် သန့်ရှင်းရေးကိစ္စရပ်များ၊ လျှပ်စစ်မီးရရှိရေးကိစ္စရပ်များ၊ စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များနှင့် ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များအပါအဝင် အားလုံးပါဝင်ပျော်ရွှင်စေရေး ပေါင်းစပ်ဆောင်ရွက်သွားမည့် အစီအမံများနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြရာ တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ဖြည့်စွက်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့သည်။

**သတင်းစဉ်**

# ခရီးသွားလုပ်ငန်းကော်မတီ (၁/၂၀၂၃) အစည်းအဝေးကျင်းပ

**နေပြည်တော်　မတ်　၃၀**

ခရီးသွားလုပ်ငန်းကော်မတီ (၁/၂၀၂၃) အစည်းအဝေးကို ယမန်နေ့ နံနက်ပိုင်းက နေပြည်တော်ရှိ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန နီလာခန်းမ၌ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။




အစည်းအဝေးတွင် ခရီးသွားလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်သော်က မြန်မာနိုင်ငံ၏ ပြည်တွင်း/ပြည်ပ ခရီးသွားလုပ်ငန်းများကို ကမ္ဘာ့နိုင်ငံများနည်းတူ အစိုးရ - ပုဂ္ဂလိက - ပြည်သူ စုပေါင်းအားဖြင့် ပြန်လည်စတင်နိုင်ခဲ့ပါကြောင်း၊ ခရီးသွားလုပ်ငန်း ပြန်လည်စတင်ရေးအတွက် အာဆီယံနှင့် မဟာမဲခေါင်ဒေသခွဲနိုင်ငံများ အပါအဝင် နိုင်ငံတကာ ခရီးသွားအသိုက်အဝန်းအထိ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရေးအတွက် အစည်းအဝေးများ၊ အလုပ်ရုံဆွေးနွေးပွဲများနှင့် နိုင်ငံတကာ ခရီးသွားပြပွဲများသို့ ပါဝင်တက်ရောက်ခြင်းဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊

ပြည်ဝင်ခရီးသွားလုပ်ငန်းများအတွက် အိမ်နီးချင်းနိုင်ငံများမှ ခရီးသွားဧည့်သည်များကိုဦးစားပေးဈေးကွက်များအဖြစ် သတ်မှတ်ဆောင်ရွက်လျက်ရှိသကဲ့သို့ အလားအလာကောင်းများရှိသည့် ရုရှားခရီးသွားဈေးကွက်ကို မြှင့်တင်ရန် "Welcome Russia" Program in Myanmar အစီအစဉ်ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ခရီးသွားဧည့်သည်များ ဝင်ရောက်မှုအနေဖြင့် ၂၀၂၂ ခုနှစ်တွင် ၇၈ ရာခိုင်နှုန်းတိုးတက်လာပြီး ၂၀၂၃ ခုနှစ် ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလအထိ ယခင်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၂၅၄ ရာခိုင်နှုန်းတိုးတက်လာသည်ကို တွေ့ရှိရပါကြောင်း၊ ပြည်တွင်း/ပြည်ပ ခရီးသွားဧည့်သည်များ အဆင်ပြေလွယ်ကူစွာ ဝင်ရောက်နိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများက ဖြေလျှော့ပေးနိုင်သည်များကို ဖြေလျှော့ပေးလျက်ရှိပါကြောင်း၊ နိုင်ငံတကာသို့ အသိပေးကြော်ငြာထားချက်များနှင့် မြေပြင်အကောင်အထည်ဖော်မှုများ ကိုက်ညီနေရန် လိုအပ်ပါကြောင်း၊ ပြည်တွင်းခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာရေးအတွက် အစိုးရ–ပုဂ္ဂလိက ပူးပေါင်း၍ အထူးဈေးနှုန်းများဖြင့် "ပြည်တွင်းခရီးသွားကမ်ပိန်း" ပုံစံမျိုးများကို အကောင်အထည်ဖော်ကြစေလိုပါကြောင်း၊ ထိုသို့ ဖော်ဆောင်ရာတွင် One Village One Product အစီအစဉ်နှင့် ခရီးသွားကဏ္ဍကို ချိတ်ဆက်ဖော်ဆောင်နိုင်ရေး ကြိုးစားကြစေလိုပါကြောင်း။

မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းတစ်ခုလုံး အရည်အသွေးပြည့်ဝလာရေးအတွက် အာဆီယံနှင့် နိုင်ငံတကာ အဖွဲ့အစည်းများ၏ စံနှုန်းများဖြင့် အကောင်အထည်ဖော်လျက်ရှိရာ အားလုံးဝိုင်းဝန်း ပူးပေါင်း ပါဝင်ပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ခရီးသွားလုပ်ငန်းကော်မတီအတွင်းရေးမှူး ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ခရီးသွားလုပ်ငန်းကော်မတီ (၂/၂၀၂၁) အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုများကို ကော်မတီသို့ တင်ပြ၍ မှတ်တမ်းတင် အတည်ပြုပြီး ဆောင်ရွက်ဆဲအခြေအနေများ၊ ဧည့်သည်စာရင်းစီမံခန့်ခွဲမှုစနစ်နှင့် ခရီးသွားလုပ်ငန်းဆိုင်ရာစစ်တမ်းများ ဆောင်ရွက်နေမှုတို့ကို တင်ပြသည်။

ယင်းနောက် ခရီးသွားလုပ်ငန်းကော်မတီဝင်များ ဖြစ်ကြသည့် နေပြည်တော်ကောင်စီနှင့် တိုင်းဒေသကြီး၊ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများက ခရီးသွားလုပ်ငန်းကော်မတီ (၂/၂၀၂၁) အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုများ၊ ဟိုတယ်နှင့် ခရီးသွားကဏ္ဍ ဖွံ့ဖြိုးရေးဆောင်ရွက်နေမှုများနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် အခြေအနေများကို ဆွေးနွေးတင်ပြကြပြီး ခရီးသွားလုပ်ငန်း တတ်သိပညာရှင်များနှင့် ပုဂ္ဂလိကခရီးသွားလုပ်ငန်း အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း အလျင်အမြန်ပြန်လည်တိုးတက်လာစေရေး မဟာဗျူဟာကို ရှင်းလင်းပြောကြားသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် နေပြည်တော်ရှိ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ အသင်းအဖွဲ့များ၊ ဟိုတယ်များမှ တာဝန်ရှိသူများနှင့် ဝန်ကြီးဌာနကျောက်စိမ်းခန်းမ၌ တွေ့ဆုံပြီး နေပြည်တော်ကိုသွားလာလည်ပတ်စရာကောင်းသော ခရီးစဉ်ဒေသတစ်ခုဖြစ်စေရန် အစီအမံများရေးဆွဲ အကောင်အထည်ဖော်ရေး၊ ဟိုတယ်လုပ်ငန်းများ ဆောင်ရွက်ရာ၌ ကုန်ကျစရိတ်နှင့် ထိုက်တန်သော ဝန်ဆောင်မှုပေးရေး၊ တည်းခိုနေထိုင်သော ဧည့်သည်များ စိတ်ချမ်းမြေ့အောင် ဆောင်ရွက်ပြီး လည်ပတ်စရာများ ချိတ်ဆက်စီစဉ် ဆောင်ရွက်ပေးရေး၊ ပြည်တွင်းခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအပြင် ပြည်ပခရီးသွားပိုမို ဝင်ရောက်လာရေးအတွက် ဝိုင်းဝန်းမြှင့်တင် ကြော်ငြာ၍ ကြိုးစားကြရေး၊ နိုင်ငံတော်နှင့် လူထုအကျိုးစီးပွားကို မျှတအောင် ဆောင်ရွက်ကြရေး၊ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းကြိုးစားကြရေးနှင့် ဝန်ကြီးဌာနအနေဖြင့် လိုအပ်သည့်အပိုင်းများကို ညှိနှိုင်းဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ပြောကြားသည်။

**သတင်းစဉ်**

# ပြည်ပတွင် အလုပ်လုပ်ကိုင်မှုကြီးကြပ်ရေးကော်မတီ၏ (၁/၂၀၂၃)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ





**နေပြည်တော် မတ် ၂၀**

ပြည်ပတွင် အလုပ်လုပ်ကိုင်မှုကြီးကြပ်ရေးကော်မတီ၏ (၁/၂၀၂၃) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် အလုပ်သမားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ပြည်ပတွင် အလုပ်လုပ်ကိုင်မှုကြီးကြပ်ရေး ကော်မတီဥက္ကဋ္ဌ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်း၊ ဒုတိယဥက္ကဋ္ဌ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်၊ ကော်မတီအဖွဲ့ဝင်များဖြစ်ကြသော ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ အလုပ်သမားဝန်ကြီးဌာန၊ လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ဒုတိယဥက္ကဋ္ဌ၊ အလုပ်သမားဝန်ကြီးဌာန၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးတို့မှ အမြဲတမ်းအတွင်းဝန်များနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံးမှ သံမှူးကြီး၊ အလုပ်သမားသံအရာရှိ (ဗန်ကောက်မြို့)၊ အထူးဖိတ်ကြားထားသူများနှင့် ဝန်ကြီးဌာနမှတာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်းက ထိုင်းနိုင်ငံ အလုပ်သမားဝန်ကြီးမှ "ယာယီနေထိုင်လုပ်ကိုင်ခွင့်လက်မှတ်(ပန်းရောင်ကတ်) ထုတ်ပေးခဲ့သည့် ထိုင်းနိုင်ငံရှိ မြန်မာအလုပ်သမားများကို မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ် ထုတ်ပေးခြင်းအား CI သက်တမ်းတိုးစခန်းများ၏ ဝန်ဆောင်မှုတစ်စိတ်တစ်ပိုင်းဖြင့် ဆောင်ရွက်ပေးပါရန် မေတ္တာရပ်ခံကြောင်း" ညှိနှိုင်းအကြောင်းကြားစာပေးပို့လာမှုအရ CI အသစ် ထုတ်ပေးရေး လုပ်ငန်းစဉ်ကို ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၁၄ ရက်မှ စတင်ဆောင်ရွက်ပေးခဲ့ပြီး ထိုင်းအလုပ်အကိုင်ဌာနမှ ကနဦးပေးပို့လာသည့် အလုပ်သမား ၂၈၈၅၈ ဦးကို CI ထုတ်ပေးခဲ့ပါကြောင်း၊ ထို့နောက် ထိုင်းအလုပ်အကိုင်ဌာနမှ ထပ်မံပေးပို့လာသည့် အလုပ်သမား ၄၁၆၇၀ အတွက် CI ထုတ်ပေးခြင်း လုပ်ငန်းစဉ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ပေးခြင်းဖြင့် အလုပ်သမားများ ထိုင်းနိုင်ငံအတွင်း နယ်ကျော်သွားလာခွင့်၊ ရွှေ့ပြောင်းအလုပ်သမားများ၏ သတ်မှတ်ထားသော လုပ်ခလစာ၊ ဥပဒေပါအကျိုးခံစားခွင့်၊ အလုပ်လုပ်ကိုင်ခွင့်၊ နေထိုင်ခွင့်၊ ထိုင်းဘဏ်များ၌ ငွေစာရင်းဖွင့်လှစ်ခွင့်ရရှိပြီး မြန်မာနိုင်ငံသို့ တရားဝင်လမ်းကြောင်းမှတစ်ဆင့် မိသားစုလွှဲပို့ငွေများ ပြန်လည်လွှဲပြောင်းရေး ဆောင်ရွက်နိုင်ခွင့်၊ ထိုင်းနိုင်ငံအတွင်း ခရီးသွားလာခွင့်နှင့် လေယာဉ်စီးနင်းခွင့်၊ မြန်မာနိုင်ငံသို့ လေကြောင်းမှတစ်ဆင့် ပြန်လည်ဝင်ရောက်ခွင့်စသည့် အကျိုးခံစားခွင့်များ ရရှိနိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ပတွင် အလုပ်လုပ်ကိုင်မှုကြီးကြပ်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က ကော်မတီအနေဖြင့် ရွှေ့ပြောင်းအလုပ်သမားများ၏အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးအတွက် နိုင်ငံတော်အစိုးရက ချမှတ်ထားသော မူဝါဒများနှင့်အညီ ဆောင်ရွက်လျက်ရှိပါကြောင်း။

ပြည်ပသို့ မြန်မာအလုပ်သမားများစေလွှတ်ရာတွင် တရားဝင်စေလွှတ်နိုင်ခြင်းဖြင့် ၎င်းတို့အတွက် ဥပဒေကြောင်းအရ ပိုမိုအကာအကွယ်ရရှိနိုင်မည်ဖြစ်သလို ဥပဒေပါအခွင့်အရေးများနှင့် ရပိုင်ခွင့်များကိုလည်း ရရှိစေနိုင်မည်ဖြစ်ပါကြောင်း၊ ပြည်သူပြည်သားများအနေဖြင့် ပိုမိုနားလည်သိရှိစေလိုပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် ကော်မတီက ချမှတ်ပေးထားသော လုပ်ငန်းစဉ်များကို အောင်မြင်အောင် သက်ဆိုင်ရာ ဝန်ကြီးဌာနများအလိုက် ပေါင်းစပ်ညှိနှိုင်းပြီး လိုအပ်သည့် အကြံပြုချက်များရှိခဲ့ပါက အသိပေးတင်ပြဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ပတွင် အလုပ်လုပ်ကိုင်မှုကြီးကြပ်ရေးကော်မတီ အတွင်းရေးမှူး အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်က ပြည်ပနိုင်ငံများသို့ အလုပ်သမားများစေလွှတ်သည့် ရည်ရွယ်ချက်၊ ပြည်ပအလုပ်အကိုင် အကျိုးဆောင်လိုင်စင် လျှောက်ထားလာမှုအပေါ် စိစစ်ထုတ်ပေးနေမှုအခြေအနေ၊ ပြည်ပနိုင်ငံများသို့ အလုပ်သမားစေလွှတ်မှုအခြေအနေနှင့် မိသားစုလွှဲပို့ငွေများနှင့်ပတ်သက်၍ အသေးစိတ်ဆွေးနွေး ပြောကြားသည်။

ဆက်လက်၍ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်သန်းက ပြည်ပတွင် အလုပ်လုပ်ကိုင်မှုကြီးကြပ်ရေးကော်မတီ၏ ၁၂/၂၀၂၂ လမှ ၂/၂၀၂၃ လအထိ ငွေကြေးသုံးစွဲမှု၊ ထိုင်းအစိုးရအဖွဲ့က ယာယီနေထိုင်လုပ်ကိုင်ခွင့်လက်မှတ်/ ပန်းရောင်ကတ်(TR-38) ထုတ်ပေးထားသည့် အထောက်အထားမဲ့ မြန်မာရွှေ့ပြောင်းအလုပ်သမားများကို မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ်(Certificate of Identity –CI) အသစ်ထုတ်ပေးရေးလုပ်ငန်းစဉ် ဆောင်ရွက်ခဲ့မှုများကို ရှင်းလင်းတင်ပြခဲ့သည်။ ယင်းနောက်အစည်းအဝေးသို့ တက်ရောက်လာသည့် ကော်မတီဝင်များက သက်ဆိုင်ရာဝန်ကြီးဌာန၏ လုပ်ငန်းစဉ်များအလိုက် အကြံပြုဆွေးနွေးဆုံးဖြတ်ခဲ့ကြပြီး အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# Leadership, Communication Skills, and Project Cycle Management မွမ်းမံသင်တန်း ဖွင့်လှစ်



**နေပြည်တော် မတ် ၂၀**

Leadership, Communication Skills, and Project Cycle Management မွမ်းမံသင်တန်း ဖွင့်လှစ်ခြင်း အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပသည်။

ဦးစွာလူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က ဝန်ထမ်းများအနေဖြင့် သက်ဆိုင်ရာအဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များ ပြည့်မီစေရန် လိုအပ်သော ကျွမ်းကျင်မှုတို့ကို အလုပ်ခွင်တွင် လည်းကောင်း၊ သင်ခန်းစာများ လေ့လာသင်ယူခြင်းဖြင့် လည်းကောင်း တတ်မြောက်နိုင်ကြောင်း၊ ဝန်ထမ်းတစ်ဦးချင်း၏ ခံယူချက် (Attitude)၊ ကျွမ်းကျင်မှု(Skill)၊ အသိအမြင်ဗဟုသုတ (Knowledge)တို့သည် အရေးကြီးကြောင်း၊ ဝန်ထမ်းများအနေဖြင့် လုပ်ငန်းဆိုင်ရာသဘောတရားနားလည်ခြင်း၊ ခြုံငုံသုံးသပ်နိုင်စွမ်းရှိခြင်း၊ ကြိုးစားအားထုတ်မှုနှင့် လေ့လာသင်ယူနိုင်မှုစသည့် Conceptual Skill၊ ကွန်ပျူတာ၊ အင်္ဂလိပ်ဘာသာနှင့် မြန်မာဘာသာစကားကျွမ်းကျင်ပိုင်နိုင်ခြင်း စသည့် Technical Skill၊ မိမိ၏ လုပ်ဖော်ကိုင်ဖက်အပေါ် နားလည်ခြင်း၊ မိမိအလုပ်ကိုလေးစားတန်ဖိုးထားခြင်း၊ အထက်အောက် အပြန်အလှန်လေးစားခြင်း၊ ဖေးမကူညီခြင်း စသည့် Human Skill တို့ရှိရန် အရေးကြီးကြောင်း၊ အသိပညာဗဟုသုတသည် အလွန်ကျယ်ပြန့်ပြီး သဘာဝသယံဇာတအရင်းအမြစ်မရှိသည့် ဖွံ့ဖြိုးသောနိုင်ငံတို့တွင် အသိပညာအခြေပြုစီးပွားရေးကို (Knowledge Based Economy) တည်ဆောက်ကြကြောင်း၊ လူတစ်ဦး၊ တစ်ယောက်ချင်း၏ အသုံးဝင်မှုကို အသုံးပြုပြီး နိုင်ငံတော်ကိုမြှင့်တင်ရန် လိုအပ်ကြောင်း၊ ထို့ကြောင့် ဆက်စပ်ပညာရပ်တို့ကို လိုလိုလားလားဖြင့် သင်ယူဆည်းပူးရမည်ဖြစ်ပါကြောင်း၊ လေ့လာသင်ယူသိရှိရသည့် ပညာရပ်တို့ကိုလည်း ဆင့်ပွားလေ့လာရမည်ဖြစ်ပါကြောင်း၊ ခေါင်းဆောင်မှုတွင် မိမိအကျိုးစီးပွား(Self-Centered) ကို ဦးတည်ဆောင်ရွက်ခြင်းမျိုးကို ရှောင်ရှားရန် လိုအပ်ကြောင်း၊ မိမိအဖွဲ့အစည်း၏ အကျိုးစီးပွား၊ ဖွံ့ဖြိုးတိုးတက်မှုကို အဓိကထားကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

ယနေ့ဖွင့်လှစ်သည့် Leadership၊ Communication Skills နှင့် Project Cycle Management မွမ်းမံသင်တန်းကို ဆရာဖြစ်သင်တန်းတက်ရောက်ပြီးသည့် အရာထမ်း၊ အမှုထမ်းများအတွက် နှစ်ရက်တာ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်သည်။

**သတင်းစဉ်**

# လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိ



**နေပြည်တော် မတ် ၂၀**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Essential Motors Co., Ltd. မှ တင်သွင်းလာသော BYD Dolphin အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ် ရှစ်စီးသည် ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိလာပါသဖြင့် ယနေ့တွင် လုပ်ထုံး လုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်းနှင့် အဆိုပါလျှပ်စစ်သုံး မော်တော်ယာဉ်များ တင်သွင်းမှုအတွက် အကောက်ခွန်ကင်းလွတ်ခွင့်ပြုထားကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာ့ပင်လယ်ပြင်အခြေအနေ

**နေပြည်တော် မတ် ၂၀**

လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာမြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ခြောက်ပေခန့်ရှိနိုင်သည်။

---

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။ **မိုး/ဇလ**

# မြန်မာသက္ကရာဇ် ၁၃၈၄ ခုနှစ် မဟာသင်္ကြန်ပွဲတော်နှင့်စပ်လျဉ်း၍ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၏ နှိုးဆော်ချက်

၁။ မြန်မာသက္ကရာဇ် ၁၃၈၄ ခုနှစ်၊ နှောင်းတန်ခူးလပြည့်ကျော် ၁၀ ရက်နေ့မှ နှောင်းတန်ခူးလပြည့်ကျော် ၁၂ ရက်နေ့သည် နှစ်ဟောင်းမှ နှစ်သစ်သို့ ကူးပြောင်းသည့် မဟာသင်္ကြန် အခါတော်ဖြစ်ပါသည်။

၂။ ဤအခါသမယတွင်မြန်မာလူမျိုးတို့သည်သက်ကြီးဝါကြီးများအား ပူဇော်သက္ကာရပြုခြင်း၊ ရှင်ပြုရဟန်းခံအလှူမင်္ဂလာများ ကျင်းပခြင်းနှင့် တိရစ္ဆာန်များ ဘေးမဲ့လွှတ်ခြင်းစသော မင်္ဂလာအမှုတို့ကို ပြုမြဲဖြစ်ပါသည်။

၃။ ထို့အပြင် နှစ်ဟောင်းတွင် ကိုယ်စိတ်နှစ်ပါးတို့၌ အညစ်အကြေးများ ရှိခဲ့ပါက ဆေးကြောသန့်စင်သည့်အနေဖြင့် တစ်ဦးနှင့်တစ်ဦး ကြည်လင်သန့်ရှင်းမွှေးပျံ့သင်းသည့် နံ့သာရည်များကို သပြေခက်ဖြင့် ပက်ဖျန်းကြသည့် ဓလေ့အစဉ်အလာလည်းရှိပါသည်။

၄။ သို့သော် လူငယ်တို့သဘာဝ အပျော်လွန်ရာမှ ကြမ်းတမ်းစွာ ရေကစားခြင်းဖြင့် တစ်ဖက်သားကို အနာတရဖြစ်စေခြင်း၊ တစ်ဖက်သား မခံမရပ်နိုင်သည်အထိ နောက်ပြောင်မိခြင်း၊ ခိုက်ရန်ဖြစ်ပွားခြင်း၊ ယာဉ်အန္တရာယ်ကျရောက်ခြင်းစသည့် အမင်္ဂလာများလည်း သက်ရောက်တတ်ပါသည်။

၅။ ထို့ကြောင့် ၁၃၈၄ ခုနှစ်၊ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို အောက်ပါရည်ရွယ်ချက်များနှင့်အညီ ကျင်းပသွားရန် ဖြစ်ပါသည်-

(က) မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို မြန်မာ့ဓလေ့ထုံးတမ်း အစဉ်အလာနှင့်အညီ ရိုးရာမပျက် ဆက်လက်ထိန်းသိမ်းရန်၊

(ခ) ပြည်သူများ ကိုယ်စိတ်နှစ်ပါး ရွှင်လန်းချမ်းမြေ့စွာဖြင့် ရေသဘင်ပွဲတော်တွင် ယဉ်ကျေးသိမ်မွေ့စွာ ပါဝင်ဆင်နွှဲနိုင်ရန်၊

(ဂ) ပြည်သူများသည် မိမိတို့ ပင်ပန်းနွမ်းနယ်သမျှကို အတာရေပက်ဖျန်း လန်းဆန်းစေခြင်းဖြင့် နှစ်သစ်တွင် နိုင်ငံတော်၏ တာဝန်များကို စွမ်းအားပြည့် ဆောင်ရွက်နိုင်ကြစေရန်၊

(ဃ) မြန်မာမှု၊ မြန်မာ့ဟန်၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အနှစ်သာရများ၊ အမျိုးသားရေးစရိုက်လက္ခဏာများကို ဆက်လက်ထိန်းသိမ်း စောင့်ရှောက်တတ်ကြစေရန်။

၆။ သို့ဖြစ်ပါ၍ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်၏ မွန်မြတ်သောရည်ရွယ်ချက်များကို ထိန်းသိမ်းသောအားဖြင့် အောက်ပါတို့ကို ရှောင်ကြဉ်ကြပါရန် နှိုးဆော်အပ်ပါသည်-

(က) မြန်မာ့ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်နှင့် ဖီလာဆန့်ကျင်ပြီး မြန်မာလူမျိုးများ၏ အမြင်တွင် မတင့်တယ်သည့် နေထိုင်မှု၊ ပြုမူမှုများ ရှောင်ကြဉ်ကြပါရန်၊

(ခ) ဘာသာတရား၏ အဆုံးအမနှင့် မလျော်ညီသည့် ရုန့်ရင်းကြမ်းတမ်းစွာပြောဆိုမှုများ ရှောင်ကြဉ်ကြပါရန်၊

(ဂ) သူတစ်ပါးအား ဒဏ်ရာအနာတရဖြစ်စေပြီး အန္တရာယ်ဖြစ်စေမည့် ကြမ်းတမ်းသည့် ရေကစားမှု၊ ထိပါးနှောင့်ယှက်မှုများ ရှောင်ကြဉ်ကြပါရန်၊

(ဃ) သူတစ်ပါး သို့မဟုတ် အဖွဲ့အစည်းတို့၏ ဂုဏ်သိက္ခာပျက်ပြားထိခိုက်စေရန် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပြောဆိုခြင်း၊ သံချပ်ထိုးခြင်း၊ သီဆိုခြင်း၊ လှုပ်ရှားဆောင်ရွက်ခြင်းစသည့် အပြုအမူများ ရှောင်ကြဉ်ကြပါရန်၊

(င) မြန်မာ့ယဉ်ကျေးမှု အစဉ်အလာကို ထိန်းသိမ်းမြတ်နိုးတတ်သော အများပြည်သူတို့၏ အမြင်အာရုံတွင် အနှောင့်အယှက်ဖြစ်စေတတ်သည့် မြန်မာ့ယဉ်ကျေးမှုလွန် ဝတ်စားဆင်ယင်မှုမျိုး ဝတ်ဆင်ခြင်းမှ ဆင်ခြင်ရှောင်ကြဉ်ကြပါရန်၊

(စ) မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ကို ချစ်ခင်၍ ပျော်ရွှင်ကြလိုသူများဖြစ်သည်နှင့်အညီ အခြားနိုင်ငံသားများက မြန်မာ့ရိုးရာယဉ်ကျေးမှုအစဉ်အလာ မဟာသင်္ကြန်ကို လေးစားတန်ဖိုးထားမှု လျော့ပါးစေသော စရိုက်လက္ခဏာများ၊ အပြောအဆို၊ အဝတ်အစား၊ အစားအစာ၊ အကအခုန်များကို အလွန်အမင်း လိုက်စားပြုမူခြင်း၊ အရက်သေစာကို သိက္ခာကျလောက်အောင် သောက်စားမူးယစ်ခြင်းများ ဆင်ခြင်ရှောင်ကြဉ်ကြပါရန်။

## ဆံတော်ရှင် ဆူးလေစေတီတော် ရွှေထီးတော်၊ စေတီတော်လုံးတော်ပြည့်နှင့် အရံစေတီများ ရွှေစင်၊ ရွှေပြားနှင့် မျက်ပါးရွှေသင်္ကန်းတော်များ ကပ်လှူပူဇော်ရေးအတွက် ပဉ္စမအကြိမ် အလှူငွေပေးအပ်လှူဒါန်း




နေပြည်တော် မတ် ၂၀

ရန်ကုန် တိုင်းဒေသကြီး ကျောက်တံတား မြို့နယ်ရှိ ဆံတော်ရှင်ဆူးလေစေတီတော် ရွှေထီးတော်၊စေတီတော်လုံးတော်ပြည့်နှင့် အရံစေတီများ ရွှေစင်၊ ရွှေပြားနှင့် မျက်ပါး ရွှေသင်္ကန်းတော်များ ကပ်လှူပူဇော်ရေး အတွက် ပဉ္စမအကြိမ် အလှူငွေ ပေးအပ်လှူဒါန်းခြင်းကို ယနေ့ နံနက်ပိုင်းတွင် အဆိုပါ စေတီတော်၌ ပြုလုပ်ရာ ရန်ကုန်တိုင်း ဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ် ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် ညွှန့်ဝင်းဆွေနှင့် တာဝန်ရှိသူများ၊ ဂေါပကအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများနှင့် အလှူရှင်များ တက်ရောက်ကြသည်။

**ပေးအပ်လှူဒါန်း**

ဦးစွာ ဆံတော်ရှင်ဆူးလေစေတီတော် ရွှေထီးတော်၊ စေတီတော် လုံးတော်ပြည့်နှင့် အရံစေတီများ ရွှေစင်၊ ရွှေပြားနှင့် မျက်ပါး ရွှေသင်္ကန်းတော်များ ကပ်လှူ ပူဇော်ရေးအတွက် ပဉ္စမအကြိမ် လှူဒါန်းငွေများကို အလှူရှင်များ က ပေးအပ်လှူဒါန်းကြရာ တိုင်း ဒေသကြီး ဝန်ကြီးချုပ်(**အပေါ်ပုံ**)၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်ခံရယူကြပြီး ဂုဏ်ပြု မှတ်တမ်းလွှာများ ပြန်လည် ပေးအပ်သည်။

ဆူးလေစေတီတော် ရွှေထီး တော်၊ စေတီတော်လုံးတော်ပြည့် နှင့် အရံစေတီများအား ရွှေစင်၊ ရွှေပြားနှင့် မျက်ပါးရွှေသင်္ကန်း တော်များ ကပ်လှူပူဇော်ရေး အတွက် အလှူရှင်များထံမှ ပဉ္စမ အကြိမ် လှူဒါန်းရရှိမှုမှာ ရွှေစင် ခုနစ်ကျပ်သား၊ ရွှေစင် ငါးကျပ်သား ရှိဝဏ္ဏကျော်ထင်ဘွဲ့တံဆိပ် တစ်ခု၊ အလှူငွေကျပ် ၂၉၄၃၁၄၅၀၀ နှင့် အမေရိကန် ဒေါ်လာ ၁၀၀၀ တို့ ရရှိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ဟသ်ာတခရိုင်၌ မဟာသင်္ကြန်ရေသဘင်ပွဲတော် ကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေး ကျင်းပ

ဟသ်ာတ မတ် ၂၀

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ်တွင် ၂၀၂၃ ခုနှစ် မြန်မာ့ရိုးရာ မဟာသင်္ကြန်ရေသဘင်ပွဲတော်ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေး(၂/ ၂၀၂၃)ကို ယနေ့နံနက် ၁၀ နာရီက ဟသ်ာတခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ရုံး အစည်းဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ဟသ်ာတခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်သန်းဝင်းက ဟသ်ာတမြို့နယ်တွင် မြန်မာ့ရိုးရာ မဟာသင်္ကြန် ရေသဘင်ပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေး၊ လုံခြုံရေး၊ ဗဟိုမဏ္ဍပ်နှင့် ရေကစားမဏ္ဍပ်များ စနစ်တကျ တည်ဆောက်ရေးနှင့် ဖျော်ဖြေရေးအစီအစဉ်များ၊ အကယိမ်းအဖွဲ့များ ပါဝင်နိုင်ရေးတို့အတွက် ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ဟသ်ာတမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တက်ရောက်လာကြသည့်မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ဖြစ်မြောက်ရေး ဆပ်ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများက မိမိတို့ ဆပ်ကော်မတီများ အလိုက် တာဝန်ယူဆောင်ရွက်ထားရှိမှု အခြေအနေများကို ဆွေးနွေး တင်ပြခဲ့ကြရာ ဟသ်ာတခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်သန်းဝင်း က ညှိနှိုင်းပေါင်းစပ်ဖြည့်ဆည်းပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



## သင်္ကြန်ယိမ်းအဖွဲ့များ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားတွင် ရိုက်ကူးရေးဆောင်ရွက်

နေပြည်တော် မတ် ၂၀

မြန်မာသက္ကရာဇ် ၁၃၈၄ ခုနှစ် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်ကို နိုင်ငံတစ်ဝန်းတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိရာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား အနေဖြင့်လည်း **“ခါသင်္ကြန် အဆိုအက”** အစီအစဉ်ကို ယခင်နှစ်များနည်းတူ တင်ဆက်နိုင်ရေး ဌာနဆိုင်ရာများ၊ တက္ကသိုလ်နှင့် ကျောင်းများ၊ ပုဂ္ဂလိကအသင်းအဖွဲ့များမှ သင်္ကြန်ယိမ်းအဖွဲ့များဖြင့် ရိုက်ကူးရေး ဆောင်ရွက်လျက်ရှိသည်။

ယနေ့မွန်းလွဲပိုင်းတွင် ဥပဒေရေးရာ ဝန်ကြီးဌာနမှ သင်္ကြန်ယိမ်းအဖွဲ့များသည် နေပြည်တော် တပ်ကုန်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသို့ လာရောက်၍ သင်္ကြန် တေးသီချင်းများဖြစ်သည့် **“သင်္ကြန်မိုး၊ ရွှင်လန်းချမ်းမြေ့ပါစေ”**တေးသီချင်းများဖြင့် ရိုက်ကူးရေးဆောင်ရွက်ခဲ့ကြသည်။




ထို့နောက် ဥပဒေရေးရာဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ယိမ်းအဖွဲ့များသည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ စိန်ရတုပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ခေတ်အဆက်ဆက် ရုပ်သံထုတ်လွှင့်ရေးလုပ်ငန်းများတွင် အသုံးပြုခဲ့သည့် အသုံးအဆောင်နှင့် စက်ပစ္စည်းများ၊ ရုပ်သံထုတ်လွှင့်မှု လုပ်ငန်းစဉ် ခင်းကျင်းပြသထားမှုများ၊ မြန်မာ့ရိုးရာနှင့် ခေတ်ပေါ်တူရိယာများ ခင်းကျင်းပြသထားမှုတို့ကို ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက ရှင်းလင်းပြသပြီး မေးမြန်းမှုများအပေါ် ပြန်လည်ဖြေကြားခဲ့ကြသည်။ **သတင်းစဉ်**

## တွံတေးမြို့နယ်၌ ငါးမွေးမြူရေးနည်းပညာပေး သင်တန်းဖွင့်

တွံတေး မတ် ၂၀

တွံတေးမြို့နယ် တွံတေးဝကျေးရွာ၌ ငါးမွေးမြူရေးနည်းပညာပေး သင်တန်းကို ယနေ့နံနက် ၁၀ နာရီက အခြေခံပညာအထက်တန်း ကျောင်း(ချောင်းမကြီး)၌ သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းတွင် တွံတေးခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးတင်မောင်ထွဋ်နှင့် တွံတေးငါးလုပ်ငန်းစခန်းတာဝန်ခံ ဒေါ်မိမိခိုင်တို့က ငါးမွေးမြူရေးဆိုင်ရာ အခြေခံငါးမွေးမြူရေး၊ ငါးမှုန်ငါးသန်ပြုစုခြင်း၊ ငါးအသားတိုးမွေးမြူခြင်းတို့ သင်ကြားပို့ချခဲ့သည်။

အဆိုပါသင်တန်းသို့ သင်တန်းသား သင်တန်းသူ ၄၂ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုအတွက် လိုအပ်သည့် ဆေးဝါးများ၊ ဓာတ်ခွဲဓာတ်မှန် ကုန်ကျစရိတ်များကို အကျိုးရှိအောင် အသုံးချကြရန်လို

**စစ်တွေ မတ် ၂၀**

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းက ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ စစ်တွေပြည်သူ့ဆေးရုံကြီး၊ သူနာပြုနှင့် သားဖွားသင်တန်းကျောင်းနှင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် စစ်တွေမြို့ ခုတင် ၅၀၀ ဆံ့အထွေထွေရောဂါကု ပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိပြီး ဆေးကုသဆောင်၊ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်းကုသဆောင်၊ ကလေးဆေးကုသဆောင်တို့ကို ကြည့်ရှုစစ်ဆေးကာ ဆေးကုသမှုခံယူနေသည့် ပြည်သူများကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။



ထို့နောက် ဆေးရုံတာဝန်ရှိသူများနှင့် တွေ့ဆုံကာ ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုအတွက် လိုအပ်သည့် ဆေးဝါးများ၊ ဓာတ်ခွဲဓာတ်မှန် ကုန်ကျစရိတ်များကို နိုင်ငံတော်က အလုံအလောက် ထောက်ပံ့ပေးထားကြောင်းနှင့် အကျိုးရှိအောင် အသုံးချကြရန်လိုကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရလက်ထက်တွင် ကျန်းမာရေးဝန်ထမ်းများအတွက် ချီးမြှင့်ငွေများ၊ ထောက်ပံ့ငွေများနှင့် စရိတ်များထောက်ပံ့ပေးလျက်ရှိကြောင်း၊ ပြည်သူလူထု ကျန်းမာရေးအတွက် ဘက်စုံထောင့်စုံမှ ကြိုးပမ်းသွားကြစေလိုကြောင်း ပြောကြားပြီး တင်ပြချက်များကို ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကာ ဝန်ထမ်းများအတွက် ချီးမြှင့်ငွေများပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် စစ်တွေသူနာပြုနှင့် သားဖွားသင်တန်းကျောင်းသို့ သွားရောက်ကာ သင်တန်းသား သင်တန်းသူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံပြီး တင်ပြချက်များကို ဖြည့်ဆည်းပေးသည်။

ယင်းနောက် စစ်တွေမြို့နယ် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသို့ သွားရောက်ပြီး အဆောက်အအုံဆောက်လုပ်ပြီးစီးမှု အခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**




# ငလျင်ဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်

**မော်လမြိုင် မတ် ၂၀**

မွန်ပြည်နယ် မော်လမြိုင်မြို့၌ ၂၀၂၃ ခုနှစ် ငလျင်ဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်ခြင်း အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် မော်လမြိုင်မြို့ ပညာရေးဒီဂရီကောလိပ်ကျောင်းဝင်းအတွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် သရုပ်ပြအဖွဲ့က ငလျင်ဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးဇာတ်တိုက်လေ့ကျင့်သရုပ်ပြနေမှုများကို ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းနှင့် ပြည်နယ်ဝန်ကြီးများက ကြည့်ရှုအားပေးခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ငလျင်ဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးသရုပ်ပြအဖွဲ့ဝင်များအား လမ်းညွှန်အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံအနေဖြင့် ရေကြီးခြင်း၊ မုန်တိုင်းနှင့် မီးဘေးအစရှိသည့် အခြားသော ဘေးအန္တရာယ်များနှင့် နှိုင်းယှဉ်လျှင် ပြင်းထန်သော၊ ငလျင်လှုပ်ခတ်ခဲ့သော အတွေ့အကြုံမှာ နည်းပါးပြီး မုန်တိုင်းနှင့် ရေကြီးခြင်း ဘေးအန္တရာယ်များကို ကြိုတင်သတိပေးသောစနစ်များ မရှိသေးသဖြင့် ပြင်းထန်သည့်ငလျင်လှုပ်ခတ်ခဲ့ပါက လူ့အသက်၊ အိုးအိမ်များနှင့် စည်းစိမ်ဥစ္စာများ ထိခိုက်ပျက်စီးမှုတို့ကို မလွဲမသွေ တွေ့ကြုံခံစားရမည်ဖြစ်ကြောင်း၊ မွန်ပြည်နယ်အတွင်းရှိ ပရဟိတကျောင်းများအပါအဝင် စာသင်ကျောင်းများ၌ ပညာသင်ယူနေသော ကျောင်းသား ကျောင်းသူများကို ပြင်းထန်သည့် ငလျင်ဘေးအန္တရာယ်ဖြစ်ပွားလာပါက ကြိုတင်ကာကွယ်နိုင်ရန်နှင့် ထိခိုက်ဆုံးရှုံးမှု လျော့နည်းသက်သာစွာ တုံ့ပြန်ဆောင်ရွက်နိုင်ရန် ကန့်သတ် ငလျင်သဏ္ဌာန်တူသရုပ်ပြ လေ့ကျင့်ခန်းများကို အခါအားလျော်စွာ ကျင်းပရန် ပြောကြားခဲ့သည်။

ဆက်လက်၍ ငလျင်ဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးသရုပ်ပြအဖွဲ့ဝင်များအား ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးသင်တန်း အမှတ်စဉ်(၇)နှင့် အဆင့်မြင့်အရာထမ်း သင်တန်းအမှတ်စဉ်(၂၀) သင်တန်းဆင်းပွဲ ကျင်းပ

**ရန်ကုန် မတ် ၂၀**

ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးသင်တန်း အမှတ်စဉ်(၇)နှင့် အဆင့်မြင့်အရာထမ်း သင်တန်းအမှတ်စဉ်(၂၀) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)ရှိကေတုမတီခန်းမ၌ ကျင်းပသည်။

သင်တန်းဆင်းပွဲသို့ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးဆန်းမြင့်၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ပါမောက္ခချုပ်နှင့် ဒုတိယပါမောက္ခချုပ်များ၊ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

သင်တန်း ဆင်းပွဲတွင် ပြည်ထောင်စု ရာထူးဝန်အဖွဲ့ အဖွဲ့ဝင်က သင်တန်းသား အရာရှိကြီးများသည် ဝန်ကြီးဌာနများ/အဖွဲ့အစည်းများ၏ အဓိကကျသော အခန်းကဏ္ဍမှ ဆောင်ရွက်နေကြသူများ ဖြစ်သောကြောင့် ပြောင်းလဲလာသော နည်းပညာ၊ အတတ်ပညာများကို အမြဲလေ့လာဆည်းပူးကြရန်နှင့် မိမိတို့၏ လက်အောက်ဝန်ထမ်းများကိုလည်း ပြောင်းလဲတိုးတက်လာသည့် ခေတ်မီနည်းပညာများကို စဉ်ဆက်မပြတ် လေ့လာသင်ယူနိုင်စေရန် ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း။

**စဉ်ဆက်မပြတ် လေ့လာ**

နိုင်ငံတော်အစိုးရက ချမှတ်ထားသည့် မူဝါဒများကို ဦးဆောင်အကောင်အထည်ဖော်နေကြသူများဖြစ်၍ အနာဂတ်တွင် မူဝါဒချမှတ်နိုင်ရေးအတွက် ဖြစ်ပေါ်ပြောင်းလဲ တိုးတက်လာသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ အုပ်ချုပ်ရေး ဖြစ်စဉ်များကို စဉ်ဆက်မပြတ် လေ့လာကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရ လက်ရှိဆောင်ရွက်နေသည့် မူဝါဒ၊ ရည်မှန်းချက်နှင့် ဦးတည်ချက်များကို ကိုယ်တိုင်ကောင်းစွာ သိရှိသကဲ့သို့ လက်အောက်ငယ်သားများကိုလည်း နားလည်သဘောပေါက်စေရန် လမ်းညွှန်ပြသပေးသွားကြရန် လိုအပ်ကြောင်း၊ တာဝန်ဝတ္တရားများကို ထမ်းဆောင်ရာတွင် **"လေ့လာ၊ လေ့ကျင့်၊ လိုက်နာ"** ဟူသည့် ဆောင်ပုဒ်အတိုင်း နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်မှရရှိခဲ့သည့် ပညာရပ်များကို လက်တွေ့နယ်ပယ်တွင် ထိထိရောက်ရောက် အသုံးပြုဆောင်ရွက်သွားကြစေလိုကြောင်း ပြောကြားသည်။

သင်တန်းဆင်းပွဲ အပြီးတွင် ပြည်ထောင်စု ရာထူးဝန်အဖွဲ့ အဖွဲ့ဝင်သည် တက္ကသိုလ်ရှိ သင်ကြား/စီမံဌာနမှ အရာထမ်းများနှင့် တွေ့ဆုံအမှာစကားပြောကြားပြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ တည်ဆောက်ရေးလုပ်ငန်းများနှင့် ဝန်ထမ်းအိမ်ရာများကို လှည့်လည်ကြည့်ရှု စစ်ဆေးကာ လိုအပ်သည်များကို မှာကြားသည်။

ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးသင်တန်းအမှတ်စဉ်(၇)သို့ သင်တန်းသား သင်တန်းသူ ၁၇ ဦးနှင့် အဆင့်မြင့်အရာထမ်း သင်တန်းအမှတ်စဉ် (၂၀)သို့ သင်တန်းသား သင်တန်းသူ ၃၆ ဦး တက်ရောက်ကြကြောင်းနှင့် သင်တန်းကို ရက်သတ္တရှစ်ပတ်ကြာ ဖွင့်လှစ်ပို့ချခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**





# ပန်းတောင်းမြို့နယ် စာရေးဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးကျင်းပ

**ပန်းတောင်း မတ် ၂၀**

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ်စာရေးဆရာအသင်း၏ နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးကို ယနေ့နံနက် ၉ နာရီက ဥသျှစ်ပင်မြို့ရှိ မြို့နယ်စာရေးဆရာအသင်းရုံး အလင်္ကာခန်းမ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် ဥသျှစ်ပင်မြို့ အုပ်ချုပ်ရေးမှူး ဦးကျော်ဇင်ဦးက အဖွင့်အမှာစကားပြောကြားပြီး ရွှေပင်ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးအောင်ကိုနှင့် အသင်းနာယက ဦးဌေးဝင်း (မောင်တည်ခိုင်-ပန်းတောင်း)တို့က နှုတ်ခွန်းဆက်စကားများ ပြောကြားကြသည်။

ဆက်လက်၍ ပန်းတောင်းမြို့နယ် စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးလှကျော် (မောင်လှကျော်-ပန်းတောင်း)က အသင်း၏ဆောင်ရွက်ထားရှိမှုများအားလည်းကောင်း၊ အသင်းအတွင်းရေးမှူး ဦးနေဒူး (ခွန်နေဒူး-သနီမြေ)က ၂၀၂၂ ခုနှစ်အတွင်းဆောင်ရွက်ထားရှိမှု နှစ်ပတ်လည်အစီရင်ခံစာအားလည်းကောင်း၊ အသင်းဘဏ္ဍာရေးမှူး ဦးအောင်မြင့် (အောင်မြင့်ကျော်-ပန်းတောင်း)က ၂၀၂၂ ခုနှစ်အတွင်း ရန်ပုံငွေရှာဖွေရေးနှင့် ရရှိသုံးစွဲထားမှုဘဏ္ဍာရေးငွေ စာရင်းရှင်းတမ်းများကိုလည်းကောင်း ရှင်းလင်းတင်ပြခဲ့ကြပြီး တက်ရောက်လာကြသူများက အသင်းဝင်များတိုးတက်ရေး၊ ဘဏ္ဍာငွေတိုးတက်ရေးစသည့်အကြံပြုချက်များ ဆွေးနွေးတင်ပြခဲ့ကြကြောင်း သိရသည်။ **အောင်မြင့်(ပန်းတောင်း)**

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

**နေပြည်တော် မတ် ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲမိုးထစ်ချုန်းရွာနိုင်သည်။

**မိုး/ဇလ**

# အရှေ့တောင်အာရှနိုင်ငံများဆိုင်ရာ စာရင်းစစ်ချုပ်ရုံးများအဖွဲ့၏ (၅)ကြိမ်မြောက် အလုပ်အမှုဆောင်ကော်မတီအစည်းအဝေး ကျင်းပ

နေပြည်တော် မတ် ၃၀

အရှေ့တောင်အာရှနိုင်ငံများဆိုင်ရာ စာရင်းစစ်ချုပ်ရုံးများအဖွဲ့(ASEANSAI)၏ (၅)ကြိမ်မြောက် အလုပ်အမှုဆောင် ကော်မတီအစည်းအဝေး (5th Executive Committee Meeting)ကို ယနေ့ နံနက် ၈ နာရီခွဲတွင် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးက အိမ်ရှင်အဖြစ် ဦးဆောင်၍ Virtual စနစ်ဖြင့် ကျင်းပသည်။

အစည်းအဝေးသို့ ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးတင်ဦး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့က နေပြည်တော်ရှိ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး ပတ္တမြားခန်းမမှ တက်ရောက်ကြပြီး ASEANSAI ဒုတိယဥက္ကဋ္ဌ ဖိလစ်ပိုင်နိုင်ငံစာရင်းစစ်ချုပ် Mr. Gamaliel A. Cordoba ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့၊ ASEANSAI ၏ အတွင်းရေးမှူးချုပ် Mr. Bahtiar Arif ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် ထိုင်းနိုင်ငံစာရင်းစစ်ချုပ်ရုံးမှ ကိုယ်စားလှယ်အဖွဲ့များ တက်ရောက်ကြသည်။




ASEANSAI ဥက္ကဋ္ဌ ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးတင်ဦးက အဖွင့်အမှာစကား ပြောကြားပြီး ASEANSAI ၏ (၇)ကြိမ်မြောက် အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ အိမ်ရှင်နိုင်ငံအဖြစ်ကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်နေမှုကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဖိလစ်ပိုင်နိုင်ငံစာရင်းစစ်ချုပ်က ASEANSAI ၏ (၇)ကြိမ်မြောက် ထိပ်သီးအစည်းအဝေးကို ဖိလစ်ပိုင်နိုင်ငံ စာရင်းစစ်ချုပ်ရုံးမှ အိမ်ရှင်နိုင်ငံအဖြစ် ကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်နေမှုကိုလည်းကောင်း၊ ASEANSAI အတွင်းရေးမှူးချုပ်က ASEANSAI ၏ ဘဏ္ဍာရေးရှင်းတမ်းဆိုင်ရာကိစ္စများ၊ အတွင်းရေးမှူးချုပ်၏ တာဝန်ထမ်းဆောင်သည့်ကာလ သက်တမ်းတိုးမည့်ကိစ္စရပ်များနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံအသစ်ဖြစ်လာမည့် တီမောလက်စ်တေနိုင်ငံဆိုင်ရာ အကြောင်းအရာ အကျဉ်းချုပ်ကိုလည်းကောင်း တင်ပြဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုစာရင်းစစ်ချုပ်က ရှေ့ကာလတွင် ဆက်လက်ဆောင်ရွက်မည့် ကိစ္စရပ်များကို ရှင်းလင်းပြောကြားပြီး နိဂုံးချုပ်အမှာစကား ပြောကြားသည်။

ယင်းနောက် အစည်းအဝေးတက်ရောက်လာကြသည့် ကိုယ်စားလှယ်များသည် မှတ်တမ်းတင်ဓာတ်ပုံရိုက်၍ အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# အရှေ့တောင်အာရှ အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများဖိုရမ်၏ ပထမအကြိမ်လုပ်ငန်းအဖွဲ့အစည်းအဝေးသို့ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် တက်ရောက်

နေပြည်တော် မတ် ၃၀

အရှေ့တောင်အာရှ အမျိုးသားလူ့အခွင့်အရေး အဖွဲ့အစည်းများဖိုရမ်(Southeast Asia National Human Rights Institutions Forum – SEANF)၏ ပထမအကြိမ်လုပ်ငန်းအဖွဲ့ အစည်းအဝေးကို ဖိုရမ်၏ အလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ယူ ဆောင်ရွက်လျက်ရှိသည့် ထိုင်းနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်က မတ် ၂၉ ရက်မှ ၃၀ ရက်အထိ ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ Hybrid format ဖြင့် ကျင်းပခဲ့ရာ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ ဦးလှမြင့်၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာနန္ဒာမှန်း၊ ကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသည့် ဦးပေါ်လွင်စိန်၊ ဒေါက်တာသန်းမြင့်နှင့်ဒေါက်တာတင်မောင်မောင်သန်း၊ ကော်မရှင်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံတကာဆက်ဆံရေးဌာန ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ခဲ့ကြပြီး ဖိုရမ်အဖွဲ့ဝင်များ ဖြစ်သည့် အင်ဒိုနီးရှားနိုင်ငံ၊ မလေးရှားနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ ထိုင်းနိုင်ငံနှင့် တီမောလက်စ်တေနိုင်ငံ လူ့အခွင့်အရေးကော်မရှင်များမှ ကိုယ်စားလှယ်များက In-person တက်ရောက်ခဲ့ကြသည်။




## ဆွေးနွေး

အစည်းအဝေးတွင် ၂၀၂၂ ခုနှစ် နိုဝင်ဘာလက ကျင်းပခဲ့သော ဖိုရမ်၏ (၁၉)ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေး နောက်ပိုင်းကာလအတွင်း ဖိုရမ်အဖွဲ့ဝင် အမျိုးသားလူ့အခွင့်အရေးကော်မရှင်များ၏ ဆောင်ရွက်ချက်များနှင့် တိုးတက်အောင်မြင်မှုများ၊ အရှေ့တောင်အာရှ အမျိုးသားလူ့အခွင့်အရေး အဖွဲ့အစည်းများ ဖိုရမ်(SEANF)၏ မဟာဗျူဟာ စီမံကိန်း ၂၀၂၂-၂၀၂၆ ပါ ဦးစားပေးကိစ္စရပ် ငါးရပ် အကောင်အထည်ဖော်ခြင်းနှင့်စပ်လျဉ်း၍ ဦးစားပေးကိစ္စရပ်တစ်ခုစီအလိုက် အကောင်အထည်ဖော် ဆောင်ရွက်ရန် အဓိကတာဝန်ယူထားသော ဖိုရမ်အဖွဲ့ဝင် အမျိုးသားလူ့အခွင့်အရေး အဖွဲ့အစည်းများ၏ အကောင်အထည်ဖော် ဆောင်ရွက်နေမှု၊ SEANF Annual Plan 2023 အတည်ပြုခြင်း၊ အာဆီယံအစိုးရချင်းဆိုင်ရာ လူ့အခွင့်အရေး ကော်မရှင်(AICHR)နှင့် SEANF တို့ ပူးပေါင်းဆောင်ရွက်ရေး ကိစ္စ၊ ASEAN Environmental Rights Framework ရေးဆွဲနိုင်ရေးကိစ္စ၊ Safety of Journalists နှင့် စပ်လျဉ်း၍ Action Plan ရေးဆွဲနိုင်ရေးကိစ္စ၊ သက်ကြီးရွယ်အိုများ အခွင့်အရေးနှင့် စပ်လျဉ်း၍ နိုင်ငံတကာ သဘောတူစာချုပ် ဖြစ်ပေါ်လာရေးအတွက် ကမ်ပိန်းပြုလုပ်နိုင်ရေးကိစ္စ၊ SEANF ၏ ဒုတိယအကြိမ် လုပ်ငန်းအဖွဲ့ အစည်းအဝေးနှင့် အကြိမ်(၂၀)မြောက် နှစ်ပတ်လည် အစည်းအဝေး ကျင်းပနိုင်ရေးကိစ္စ၊ SEANF နှင့် FORUM-ASIA/ ANNI တို့ ပူးပေါင်းဆောင်ရွက်မည့် ကိစ္စရပ်များ၊ Sabah ရှိ နိုင်ငံမဲ့ဖြစ်နေသူများ အရေးကိစ္စနှင့် စပ်လျဉ်း၍ မလေးရှား၊ အင်ဒိုနီးရှားနှင့် ဖိလစ်ပိုင်နိုင်ငံ တို့ ပူးပေါင်းဆောင်ရွက်မည့် ကိစ္စရပ်များနှင့် SEANF နှင့် OHCHR တို့ ပူးပေါင်းဆောင်ရွက်မည့် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

လုပ်ငန်းအဖွဲ့အစည်းအဝေး၌ ၂၀၂၂ ခုနှစ် နိုဝင်ဘာလက ကျင်းပခဲ့သော ဖိုရမ်၏ (၁၉)ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေး နောက်ပိုင်းကာလအတွင်း မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်၏ လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးတို့နှင့် စပ်လျဉ်းသည့် ဆောင်ရွက်ချက်များနှင့် တိုးတက်အောင်မြင်မှုကို ကော်မရှင်အဖွဲ့ဝင် ဦးပေါ်လွင်စိန်က ဆွေးနွေးခဲ့ပြီး မြန်မာနိုင်ငံ၏ လက်ရှိအခြေအနေများကို ကော်မရှင်ဥက္ကဋ္ဌ ဦးလှမြင့်က ဆွေးနွေးသည်။

ထို့နောက် ကော်မရှင်က ဦးဆောင်အဖွဲ့အစည်းအဖြစ် တာဝန်ယူထားသော SEANF ၏ မဟာဗျူဟာစီမံကိန်း ၂၀၂၂-၂၀၂၆ ပါ ဦးစားပေးကိစ္စရပ် အမှတ်(၂)ဖြစ်သည့် "စီးပွားရေး လုပ်ငန်းများတွင် လူ့အခွင့်အရေး မြှင့်တင်ရန်နှင့် ကာကွယ်ရန်" ကိစ္စရပ်နှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင်၏ အကောင်အထည်ဖော် ဆောင်ရွက်နေမှုများကို ကော်မရှင်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်ခိုင်ဝင်းက ဆွေးနွေးသည်။

## သဘောတူညီမှုရရှိ

ဖိုရမ်၏ ဒုတိယအကြိမ်လုပ်ငန်းအဖွဲ့အစည်းအဝေးကို ၂၀၂၃ ခုနှစ် ဇူလိုင်လတွင် လည်းကောင်း၊ အကြိမ်(၂၀)မြောက် လုပ်ငန်းအဖွဲ့ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးကို ၂၀၂၃ ခုနှစ် နိုဝင်ဘာလတွင် လည်းကောင်း ကျင်းပရန် လုပ်ငန်းအဖွဲ့ အစည်းအဝေး၌ ကနဦးသဘောတူညီမှုရရှိခဲ့ကြောင်း သိရသည်။

သတင်းစဉ်

❖

# မအူပင်ခရိုင်တရားသူကြီး မြို့မရဲစခန်းကို စစ်ဆေး

မအူပင် မတ် ၃၀

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင်တရားသူကြီး ဒေါ်အေးအေးမြင့်နှင့် တာဝန်ရှိသူများသည် ယမန်နေ့နံနက်ပိုင်းက မအူပင်မြို့မရဲစခန်းအတွင်းရှိ အချုပ်ခန်းကို စစ်ဆေးခဲ့ကြသည်။

အဆိုပါစစ်ဆေးမှုအား မြို့မရဲစခန်းမှူး ဒုတိယရဲမှူး ကျော်မင်းစိုးနှင့် တာဝန်ရှိသူများက အချုပ်ခန်းနှင့် စစ်ဆေးခံအချုပ်သားများအား လိုက်လံရှင်းလင်းပြသခဲ့ပြီး ခရိုင်တရားသူကြီးက စစ်ဆေးခံ အချုပ်သားများ၏ ကျန်းမာရေးနှင့် နေထိုင်စားသောက်မှုများ လိုအပ်ချက်ရှိ၊ မရှိကို ရင်းနှီးပွင့်လင်းစွာ တွေ့ဆုံမေးမြန်းခဲ့သည်။

ယင်းနောက် စခန်းတွင်းသန့်ရှင်းသာယာမှုရှိ၊ မရှိနှင့် လုပ်ငန်းများဆောင်ရွက်ထားရှိမှုအခြေအနေများကို စစ်ဆေးမေးမြန်းခဲ့ရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



# အုတ်ဖိုမြို့နယ်အတွင်း ကျန်းမာရေး စစ်ဆေးကုသမှုလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

အုတ်ဖို မတ် ၃၀

ပဲခူးတိုင်းဒေသကြီး အုတ်ဖိုမြို့နယ် ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဌာနတို့ ပူးပေါင်း၍ အုတ်ဖိုမြို့နယ် ကံသာယာကျေးရွာရှိ ကျေးလက်ကျန်းမာရေးဌာန၌ ကျန်းမာရေးစစ်ဆေးကုသခြင်းကို ယမန်နေ့မွန်းလွဲပိုင်းက ဆောင်ရွက်ခဲ့သည်။

ကွင်းဆင်းဆောင်ရွက်ရာတွင် မြို့နယ်ဆရာဝန်ကြီးဒေါက်တာစိုးသက်ဝင်းက အပူဒဏ်ကာကွယ်ရေးနှင့် အပူဒဏ်ကြောင့် ဖြစ်ပေါ်လာတတ်သောအခြေအနေများကို အရေးပေါ်ပြုစုပေးခြင်းအကြောင်း ကျန်းမာရေးပညာပေးခြင်း၊ တာရှည်ခံသားဆက်ခြားရန်လိုအပ်မည့် မိခင်သုံးဦးအား ငါးနှစ်ခံ လက်မောင်းတွင်းထည့် သန္ဓေတားဆေးထည့်ပေးခြင်း၊ သက်ကြီးဘိုးဘွားများနှင့် မကူးစက်တတ်သော နာတာရှည်ရောဂါရှိသူများ စုစုပေါင်း ၈၅ ဦးအား ဆေးကုသမှုပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ဓာတ်ခွဲနမူနာစုစုပေါင်း ၃၃၉၆ ခု စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၂၀-၃-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၉-၃-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၀-၃-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၃,၃၉၆) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၁၇၃,၉၃၄) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၁၄,၀၇၈) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၂၀) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူစုစုပေါင်း (၆၁၄,၅၅၃) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၀) ဦး ရှိပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့် –

- အသက် (၅)နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆)လ ပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံခြင်းတို့ကို နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက် ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့် သက်ဆိုင်သောနေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ (သို့မဟုတ်) အယ်လ်ကိုဟော(အနည်းဆုံး ၆၀ ရာခိုင်နှုန်း)ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀) ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့် အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# ၂၀၂၂-၂၀၂၃ ပညာသင်နှစ် နည်းပညာတက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များ ဆက်လက်ကျင်းပ

**နေပြည်တော် မတ် ၂၀**

၂၀၂၂-၂၀၂၃ ပညာသင်နှစ် နည်းပညာတက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ်များ၏ တက္ကသိုလ်ပေါင်းစုံဘောလုံးပြိုင်ပွဲ တတိယနေ့ အုပ်စုပတ်လည်ပွဲစဉ်များကို ယနေ့ နံနက်ပိုင်းတွင် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ဆက်လက်ယှဉ်ပြိုင်ကစားကြရာ လေ့ကျင့်ရေးကွင်း ကွင်းအမှတ်(၃)တွင် အုပ်စု(၂) ကွန်ပျူတာတက္ကသိုလ် (အောက်မြန်မာပြည်) အသင်း(ခ) ကွန်ပျူတာတက္ကသိုလ် (ပုသိမ်၊ မအူပင်၊ ဟင်္သာတ၊ သထုံ) နှင့် အသင်း(ဂ) ကွန်ပျူတာတက္ကသိုလ် (တောင်ငူ၊ ပြည်၊ ဘားအံ၊ လှိုင်ကော်) တို့ ယှဉ်ပြိုင်ကစားကြရာ ယင်းပွဲစဉ်တွင် အသင်း(ခ)မှ အသင်း(ဂ)ကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသည်။





မွန်းလွဲပိုင်းတွင် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်၊ ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများသည် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ လေ့ကျင့်ရေးကွင်း အမှတ်(၁)၌ အုပ်စု (၄) နည်းပညာတက္ကသိုလ် (အောက်မြန်မာပြည်) ပွဲစဉ်ဖြစ်သည့် အသင်း(က) ပြည်နည်းပညာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်(မှော်ဘီ၊ တောင်ငူ) နှင့် အသင်း(ဃ) ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်(မအူပင်၊ ထားဝယ်၊ မြိတ်)တို့ ပြိုင်ပွဲယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြသည်။ ယင်းပွဲစဉ်တွင် အသင်း(က)က အသင်း(ဃ)ကို ခြောက်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် လေ့ကျင့်ရေးကွင်း ကွင်းအမှတ်(၃)တွင် အုပ်စု (၄) နည်းပညာတက္ကသိုလ်(အောက်မြန်မာပြည်) ပွဲစဉ်ဖြစ်သည့် အသင်း(ခ) ရန်ကုန်နည်းပညာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်(စစ်တွေ၊ ပုသိမ်၊ ဟင်္သာတ) နှင့် အသင်း(ဂ) နည်းပညာတက္ကသိုလ်(သန်လျင်၊ မော်လမြိုင်၊ ဘားအံ)တို့ ပြိုင်ပွဲယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကာ ပွဲစဉ်အပြီးတွင် ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျက ကျောင်းသားအားကစားသမားများကို ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။ ယင်းပွဲစဉ်တွင် အကြိတ်အနယ် ယှဉ်ပြိုင်ကစားကြရာ အသင်း(ခ)နှင့် အသင်း(ဂ) တို့က တစ်ဖက်တစ်ဂိုးစီဖြင့် သရေကျခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရှမ်းပြည်နယ်အစိုးရအဖွဲ့က ယာယီနေရပ်စွန့်ခွာပြည်သူများအား အခြေခံစားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်

**ပင်လောင်း မတ် ၂၀**

ရှမ်းပြည်နယ်အစိုးရအဖွဲ့က ယာယီနေရပ်စွန့်ခွာပြည်သူများအား အခြေခံစားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်ခြင်းကို မတ် ၂၀ ရက် နံနက် ၉ နာရီခွဲက ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ် ဘက်စုံသုံးခန်းမ၌ ကျင်းပသည်။

ထောက်ပံ့ပေးအပ်ပွဲတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးက ယာယီနေရပ်စွန့်ခွာပြည်သူများအား ဆောင်ရွက်ပေးရမည့်ကိစ္စရပ်များနှင့် ဖြေရှင်းပေးရမည့်ကိစ္စရပ်များကို ရှမ်းပြည်နယ်အစိုးရအဖွဲ့က ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။




ဆက်လက်၍ ယာယီနေရပ်စွန့်ခွာပြည်သူများအား အခြေခံစားသောက်ကုန်ပစ္စည်းများကို ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူး၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌတို့က ပေးအပ်ရာ ပြည်သူများက လက်ခံရယူကြသည်။ ထို့နောက် ရှမ်းပြည်နယ်အစိုးရအဖွဲ့က ပင်လောင်းမြို့နယ်တွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများအတွက် ထောက်ပံ့ငွေများကို ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးကပေးအပ်ရာ ပင်လောင်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင့်ဇော်ထက်က လက်ခံရယူပြီး တက်ရောက်လာသည့် ယာယီနေရပ်စွန့်ခွာပြည်သူများက လိုအပ်ချက်များတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်ချက်များအပေါ် ဖြေရှင်းဆောင်ရွက်ပေးခဲ့ပြီး ကြက်ခြေနီတပ်ဖွဲ့အား ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

ထို့နောက် ယာယီနေရပ်စွန့်ခွာပြည်သူများအတွက် လိုအပ်သော စောင်၊ ဖျာနှင့် သောက်သုံးရေ လိုအပ်ချက်အတွက် ငွေကျပ်သိန်း ၅၀ ကို ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့က ထောက်ပံ့ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နောင်တရားမြို့ရှိ နောင်တရားအာလူးကုမ္ပဏီမှ အာလူးစိုက်တောင်သူများအား မျိုးကောင်းမျိုးသန့် စိုက်ပျိုးနိုင်ရန် Cold Storage Facilities Service ပေးနိုင်ရန် (၅၀ x ၅၇) မီတာအကျယ် တန် ၅၀၀ ဆံ့ လေးခန်း စုစုပေါင်းတန် ၂၀၀၀ ဆံ့ အအေးခန်းနှင့် အာလူးစိုက်ခင်းတွင် အသုံးပြုနိုင်ရန် သဘာဝမြေဩဇာစက်ရုံတည်ဆောက်နေမှု၊ အာလူးစိုက်ခင်းတို့ကို သွားရောက်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန (၇)နှစ်ပြည့် နှစ်ပတ်လည်နေ့အထိမ်းအမှတ် အခမ်းအနား ကျင်းပ

**နေပြည်တော် မတ် ၃၀**

တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန (၇)နှစ်ပြည့် နှစ်ပတ်လည်နေ့အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။



အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာနကို ၂၀၁၆ ခုနှစ် မတ် ၃၀ ရက်တွင် စတင်ဖွဲ့စည်းခဲ့သည့်အတွက် ယနေ့သည် ဝန်ကြီးဌာန၏ သက်တမ်း(၇) နှစ် ပြည့်မြောက်သည့်နေ့ဖြစ်ကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ခုနစ်နှစ်တာ ကာလအတွင်း တိုင်းရင်းသားစာပေသင်ကြားရေးနှင့်စပ်လျဉ်း၍ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်မှ ယနေ့အထိ တိုင်းရင်းသားဘာသာစာပေသင်ကြားရေး အထောက်အကူပြု ဆရာ ဆရာမများ (Teaching Assistant -TA) ၁၄၈၉၃ ဦးနှင့် တိုင်းရင်းသားစာပေသင် ဆရာ ဆရာမ (Language Teacher-LT) ၂၀၀ ဦး စုစုပေါင်း ၁၅၀၉၃ ဦးတို့ကို ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍ ခန့်ထားပေးနိုင်ခဲ့သည့်အပြင် ဘာသာစကား ၇၂ မျိုးအထိ အောင်မြင်စွာ သင်ကြားပေးနိုင်ခဲ့ပါကြောင်း။

ကျန်းမာရေးဆိုင်ရာ အသိပညာပေးမှု ပိုစတာများ၊ ကျန်းမာရေးဆိုင်ရာ စံပြုအချက်အလက်များကို တိုင်းရင်းသားဘာသာဖြင့် ဘာသာပြန်ဆိုခြင်း၊ ကိုဗစ်-၁၉ နှင့်ပတ်သက်၍ ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် အသိပညာပေး အချက်အလက်များကို တိုင်းရင်း သားဘာသာဖြင့် ဘာသာပြန်ဆိုခြင်း၊ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့်ဥပဒေ၊ နည်းဥပဒေများကို တိုင်းရင်းသားလူမျိုးများ သိရှိနားလည်စေရန် တိုင်းရင်းသားဘာသာများဖြင့် ဘာသာပြန်ဆိုခြင်း၊ ပျောက်ကွယ်လုနီးပါးဖြစ်နေသော တိုင်းရင်းသားများ၏ ရိုးရာဓလေ့ထုံးစံ၊ ယဉ်ကျေးမှု၊ လူနေမှုဘဝပုံစံ၊ ကိုးကွယ်ယုံကြည်မှုနှင့် ပွဲတော်များကို Documentary ရုပ်/ သံ မှတ်တမ်းတင်ခြင်း၊ တိုင်းရင်းသားရိုးရာ အစားအစာဟင်းလျာရှစ်မျိုး ချက်ပြုတ်နည်း အစီအစဉ်များ ရိုက်ကူးခြင်း၊ တိုင်းရင်းသားများ၏ စကား၊ စာပေတိမ်ကောပပျောက်မှုမရှိစေရေးနှင့် အစဉ်တည်တံ့ခိုင်မြဲစေရေးအတွက် တိုင်းရင်းသားများ ရိုးရာယဉ်ကျေးမှု၊ ပုံပြ/ ပုံပြင် စာအုပ်များ၊ စကားထာ စကားပုံ၊ စကားဝှက်၊ စကားလိမ်၊ ဆိုရိုး စာအုပ်များ၊ တိုင်းရင်းသား လူမျိုးများ၏ ဆောင်ရန်၊ ရှောင်ရန်ရိုးရာဓလေ့များနှင့် အတိတ်နိမိတ် စာအုပ်များ ထုတ်ဝေခြင်း၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းရေးဆိုင်ရာ အသိပညာများကို တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာနရှိ ဝန်ထမ်းများ ပိုမိုသိရှိလာနိုင်ရေးအတွက်တိုင်းရင်းသား စည်းလုံးညီညွတ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောခြင်း အစီအစဉ်များ၊ တိုင်းရင်းသားအချင်းချင်း ရင်းရင်းနှီးနှီးတွေ့ဆုံ၍ အမြင်ချင်းဖလှယ်ရန်နှင့် ဒေသန္တရဗဟုသုတများရရှိစေရန် လေ့လာရေး အစီအစဉ်များကို ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

ထို့ပြင် တိုင်းဒေသကြီး/ ပြည်နယ်များရှိ တိုင်းရင်းသားအသင်းအဖွဲ့များမှ ပြည်ထောင်စုအဆင့် မှတ်ပုံတင်ရေးအဖွဲ့တွင် မှတ်ပုံတင်နိုင်ရန် တင်ပြလာသည့် အသင်းအဖွဲ့များကို ထောက်ခံချက်ပေးခြင်း၊ တိုင်းရင်းသားများမှ မြေယာကိစ္စများနှင့်ပတ်သက်၍ တင်ပြလာသည့်ကိစ္စများ၊ တိုင်းရင်းသားများ၏ လူမျိုးအမည်၊ လူမျိုးစုအမည်၊ လူမျိုးနွယ်စုအမည်များနှင့် အခြားလိုအပ်ချက်များကို သက်ဆိုင်ရာဝန်ကြီးဌာနများသို့ ညှိနှိုင်းပေးခြင်း၊ အကြောင်းအမျိုးမျိုးကြောင့် နေရပ်စွန့်ခွာသူများကို အခါအားလျော်စွာ ထောက်ပံ့ပေးခြင်း၊ တိုင်းရင်းသားဒေသများတွင် သက်ဆိုင်ရာ တိုင်းရင်းသားများ၏ နေ့ထူးနေ့မြတ် အခမ်းအနားများကျင်းပနိုင်ရေး ဆောင်ရွက်ခြင်း၊ ထောက်ပံ့ငွေပေးခြင်းနှင့် ထောက်ပံ့ငွေရရှိနိုင်ရေးများကိုလည်း ဆောင်ရွက်ခဲ့ကြပါကြောင်း။

မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးအားလုံးနှင့် ဖွဲ့စည်းထားသည့် ပြည်ထောင်စု နိုင်ငံတော်ဖြစ်သည့်အတွက် စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်စေရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်၊ တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေး စိတ်ဓာတ်ကို အခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေး စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ကြရန်၊ တိုင်းရင်းသားဒေသများ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် တိုင်းရင်းသားများ၏လူမှုစီးပွားဘဝ မြင့်မားလာစေရေး ထုတ်ပြန်ထားရှိသည့် ဥပဒေ၊ နည်းဥပဒေအရ ဆောင်ရွက်ပေးကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

**တိုင်းရင်းသားစည်းလုံးညီညွတ်မှုရရှိရေး**

ထို့နောက် ဒုတိယဝန်ကြီးက မိမိတို့ဝန်ကြီးဌာနသည် တိုင်းရင်းသားစာပေယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုင်းရင်းသားများ အခွင့်အရေးကာကွယ်စောင့်ရှောက်ရေးအတွက် အထူးတာဝန်ရှိသော ဌာနတစ်ခုဖြစ်ပါကြောင်း၊ မိမိတို့၏ စွမ်းဆောင်ရည် (Capacity Building) ကို အစဉ်အမြဲမြှင့်တင်နေရန်လိုကြောင်း၊ ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြင့်မားမှ ဝန်ကြီးဌာန၏ စွမ်းဆောင်ရည်လည်း မြင့်မားမည်ဖြစ်ပြီး တိုင်းရင်းသား စည်းလုံးညီညွတ်မှုရရှိရေးနှင့် ပြည်ထောင်စုစိတ်ဓာတ်မြှင့်တင်ရေးကို အထောက်အကူဖြစ်မည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ဝန်ထမ်းများက တိုင်းရင်းသားရိုးရာ အဆို၊ အကများ၊ ခါသကြံ်နံ ယိမ်းအကများဖြင့် ဖျော်ဖြေကြပြီး ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က အရာထမ်း၊ အမှုထမ်းများနှင့် အတူ နေ့လယ်စာကို အတူတကွသုံးဆောင်ကြသည်။

ထို့အတူ ယမန်နေ့ နံနက်ပိုင်းကလည်း တိုင်းရင်းသား လူမျိုးများရေးရာဝန်ကြီးဌာန၏ (၇) နှစ်ပြည့် နှစ်ပတ်လည်နေ့အကြို ဆွမ်းဆက်ကပ်လှူဒါန်းခြင်းအခမ်းအနားကို နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ပြီး အေးမြရွှေပြည်ကျောင်းတိုက် ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြကာ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး နှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များထံ နဝကမ္မအလှူတော်ငွေနှင့် ဆန်၊ ဆီ၊ ဆား၊ ကြက်သွန်၊ အာလူး၊ ခေါက်ဆွဲခြောက် အစရှိသော လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်း၍ ရေစက်သွန်းချ အမျှပေးဝေခဲ့ကြကြောင်းနှင့် ဆရာတော်၊ သံဃာတော်များကို နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေဆိုင်ရာအသိပညာမျှဝေဆွေးနွေးခြင်း အခမ်းအနား ကျင်းပ

**နေပြည်တော် မတ် ၃၀**

နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည် ဖော်မှုကို အထောက်အကူ ပြုစေရန်နှင့် မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေ၊ မူဝါဒ၊ လုပ်ထုံးလုပ်နည်းများကို ပိုမိုသိရှိနားလည်ပြီး လိုက်နာဆောင်ရွက်မှု ပိုမိုအားကောင်းလာစေရန်ရည်ရွယ်၍ ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ စီးပွားရေး လုပ်ငန်းရှင်များ၊ နေပြည်တော်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေဆိုင်ရာ အသိပညာ မျှဝေဆွေးနွေးခြင်းအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ပျဉ်းမနားခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်၊ နေပြည်တော်ကောင်စီ အဖွဲ့ဝင်များ၊ နေပြည်တော်အဆင့် ဌာနဆိုင်ရာများ၊ လုပ်ငန်းရှင်များ တက်ရောက်ကြသည်။



ရှေးဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်က နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးဦးတည်ချက်(၄)ရပ်ကို ချမှတ်၍ ကုန်ထုတ်လုပ်မှု တိုးတက်မြင့်မားရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုင်းပြည်သာယာဝပြောရေးကို ဆောင်ရွက်လျက်ရှိရာ ပြည်ထောင်စုနယ်မြေနေပြည်တော်အတွင်း စီးပွားရေးလုပ်ငန်းများ စုစည်းခိုင်မာအားကောင်းပြီး ရေရှည်ဖွံ့ဖြိုးတိုးတက်လာစေရေး အတွက် အချင်းချင်း အထောက်အကူပြုဆောင်ရွက်ရန်နှင့် စီးပွားရေးလုပ်ငန်းများကို နည်းလမ်းတကျ၊ စည်းစနစ်တကျ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နိုင်ငံ၏ မြို့တော်ဖြစ်သည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်ကို Smart City ဖြစ်စေရေးဦးတည်ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းရှင်များအနေဖြင့် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအပါအဝင် သက်ဆိုင်ရာဥပဒေများကို လေးစားလိုက်နာပြီး တာဝန်ကျေသော နိုင်ငံ့သားကောင်း၊ ဒါရိုက်တာကောင်း၊ အဖွဲ့အစည်းကောင်းများအဖြစ် ရှင်သန်ရပ်တည်လျက် Smart People၊ Smart Company၊ Smart Organization များဖြစ်ထွန်း ပေါ်ပေါက်လာအောင် ကြိုးပမ်းဆောင်ရွက်ရင်း မိမိအကျိုးစီးပွား၊ အဖွဲ့အစည်းအကျိုးစီးပွား၊ ဒေသအကျိုးစီးပွား၊ နိုင်ငံ့အကျိုးစီးပွားတို့ကို မျှတစွာဖြင့် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြစေရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမျိုးမင်းက မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေဆိုင်ရာအသိပညာ မျှဝေဆွေးနွေးပြီး ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ဆွေဦးက ငွေကြေးခဝါချမှုတိုက်ဖျက်ရေးနှင့် စပ်လျဉ်း၍ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်ခဲ့သည့် ညွှန်ကြားချက်များကို ရှင်းလင်း ဆွေးနွေးကြရာ တက်ရောက်လာကြသည့် လုပ်ငန်းရှင်များက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးပြီး တာဝန်ရှိသူများက ပြန်လည်ဖြေကြားသည်။

ယင်းနောက် နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးဇေယျာလင်းက ဆွေးနွေးချက်များကို ဖြည့်စွက်ဆွေးနွေးပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

# လာအိုအစိုးရက နိုင်ငံအတွင်း လေထုညစ်ညမ်းမှုပြဿနာကို ကိုင်တွယ်ဖြေရှင်းရန် တိုက်တွန်း



**ဗီယင်ကျန်း မတ် ၂၀**

လာအိုနိုင်ငံအတွင်း လေထုညစ်ညမ်းမှု မြင့်တက်လျက်ရှိသည့်အတွက် လေထုညစ်ညမ်းမှု ပြဿနာကို ကိုင်တွယ်ဖြေရှင်းရန် လာအိုအစိုးရအဖွဲ့က ယနေ့အမိန့်ထုတ်ပြန်ခဲ့သည်။

**လေထုညစ်ညမ်းမှုအဆင့်ကို မြင့်တက်စေ**

လာအိုနိုင်ငံရှိ နေရာအများအပြားတွင် တောမီးလောင်ကျွမ်းမှုကြောင့် အချင်း ၂ ဒသမ ၅ မိုက်ခရိုမီတာ သို့မဟုတ် ယင်းထက်လျော့နည်းသော အမှုန်အမွှားများဖြစ်သည့် PM 2.5 ဟုခေါ်သော အမှုန်အမွှားများသည် လေထုအတွင်းပျံ့နှံ့လျက်ရှိပြီး လေထုညစ်ညမ်းမှုအဆင့်ကို မြင့်တက်စေသည်။

လာအိုဝန်ကြီးချုပ် Sonexay Siphandone က မတ် ၂၉ ရက်တွင်ပြုလုပ်သည့် အစိုးရအဖွဲ့၏ လစဉ်အစည်းအဝေးတွင် တောမီးလောင်ကျွမ်းမှုကို တားဆီးကာကွယ်ရန် ဗဟိုနှင့် ဒေသဆိုင်ရာ အာဏာပိုင်များကို တိုက်တွန်းခဲ့သည်။

အစိုးရအဖွဲ့အနေဖြင့် လေထုညစ်ညမ်းမှုကို ပြည်သူများ၏ ကျန်းမာရေး၊ စီးပွားရေးနှင့် ခရီးသွားလုပ်ငန်းတို့ကို မထိခိုက်စေရန် ဆောလျင်စွာတုံ့ပြန်ရန် တောင်းဆိုထားကြောင်း ဝန်ကြီးချုပ်ရုံး ဒုတိယအကြီးအကဲ Thipphakone Chanthavongsa က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

အဓိကအားဖြင့် ခုတ်ထွင်မီးရှို့ စိုက်ပျိုးခြင်းနှင့် သစ်တောများ မီးလောင်ကျွမ်းခြင်းတို့ကြောင့် ဖြစ်ပွားသည့် တောမီးများကို အနီးကပ်စောင့်ကြည့်ဟန့်တားရန် ဆောင်ရွက်သွားမည်ဖြစ်သည်။

လေထုညစ်ညမ်းမှု ပြင်းထန်ပြီး အန္တရာယ်ရှိသောအဆင့်သို့ ရောက်ရှိနေသည့်အတွက် လာအိုသယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနက အမှိုက်များကို မီးရှို့ခြင်းမပြုရန် သတိပေးချက်ထုတ်ပြန်ထားပြီး နေအိမ်အပြင်ဘက်တွင် နေထိုင်သွားလာလှုပ်ရှားမှုများကို တတ်နိုင်သမျှလျှော့ချရန်နှင့် နေအိမ်ပြင်ပသို့သွားရာတွင် နှာခေါင်းစည်းများကို ဝတ်ဆင်ရန် ပြည်သူများအား တိုက်တွန်းပြောကြားသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အောင်ကျော်ကျော်**




# ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း၌ ကူးတို့သင်္ဘော မီးလောင်မှုဖြစ်ပွား

**မနီလာ မတ် ၂၀**

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း၌ယမန်နေ့ညပိုင်းက ကူးတို့သင်္ဘောမီးလောင်မှုဖြစ်ပွားရာ အနည်းဆုံး ခရီးသည် ၂၈ ဦး သေဆုံးကြောင်း တာဝန်ရှိသူတစ်ဦးက ယနေ့ပြောကြားသည်။

ကနဦးသတင်းအချက်အလက်များအရ လက်ရှိအချိန်တွင် အနည်းဆုံးခရီးသည် ၁၉၅ ဦးနှင့် သင်္ဘောအမှုထမ်း ၃၅ ဦးကို ကယ်ဆယ်နိုင်ခဲ့ကြောင်းနှင့် ပင်လယ်ထဲသို့ ခုန်ဆင်းခဲ့သည့် ခရီးသည် ခုနစ်ဦးမှာ ပျောက်ဆုံးနေဆဲဖြစ်ကြောင်း သဘာဝဘေးလျှော့ချရေးနှင့် စီမံခန့်ခွဲရေးရုံးတာဝန်ရှိသူနစ်ဆင် အလွန်ဇိုအားကိုးကား၍ ဒေသခံရေဒီယိုက ပြောကြားသည်။ ယခုဖြစ်စဉ်တွင် သေဆုံးခဲ့သူများသည် ရေနစ်ခြင်းနှင့် မီးလောင်ဒဏ်ရာများရရှိခြင်းကြောင့် သေဆုံးရခြင်းဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

သင်္ဘော M/V Lady Mary Joy 3 သည် ဇန်ဘိုဂန်နာမြို့မှ ဂျိုလိုမြို့သို့ ဦးတည်ထွက်ခွာလာစဉ် ယမန်နေ့ ည ၁၀ နာရီ မိနစ် ၄၀ က Basilan ပြည်နယ် Baluk-Baluk ကျွန်းအနီးရှိရေပြင်တွင် မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။ လက်ရှိအချိန်တွင် အခင်းဖြစ်နေရာ၌ ဖိလစ်ပိုင်ကမ်းခြေစောင့်တပ်ဖွဲ့မှ သင်္ဘောများက ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများကို ဆောင်ရွက်နေကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ**

# ပါကစ္စတန်နိုင်ငံ၌ မွေးကင်းစအရွယ်မှ အသက်ငါးနှစ်အရွယ် ကလေးငယ် ၁၇ ဒသမ ၄၁ သန်းကို ပိုလီယို ဗိုင်းရပ်စ်ကာကွယ်ဆေး တိုက်ကျွေးပြီးဖြစ်

**အစ္စလာမာဘတ် မတ် ၂၀**

ပါကစ္စတန် နိုင်ငံအတွင်း မွေးကင်းစအရွယ်မှ အသက်ငါးနှစ်အရွယ် ကလေးငယ် ၁၇ ဒသမ ၄၁ သန်းကို ပိုလီယို ဗိုင်းရပ်စ် ကာကွယ်ဆေး တိုက်ကျွေးပေးပြီး ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ယမန်နေ့တွင် ပြောကြားသည်။

မြို့တော် အစ္စလာမာဘတ် အပါအဝင် ပန်ဂျပ်နှင့် ဆင်းဒ်ပြည်နယ်များရှိ စာသင်ကျောင်းများနှင့် နေအိမ်များတွင် ကာကွယ်ဆေး တိုက်ကျွေးမှုအစီအစဉ်ကို ကျန်းမာရေး ဝန်ထမ်းများက ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း ဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ပြောကြားသည်။

ပိုလီယို ကာကွယ်ဆေး တိုက်ကျွေးမှု ပထမအဆင့်ကို မတ် ၁၃ ရက်မှ ၁၇ ရက်အထိ ဆောင်ရွက်လျက်ရှိပြီး ခိုင်ဘာပတ်တွန်ခွာနှင့် ဘာလိုချီစတန်ပြည်နယ်များတွင် ဧပြီ ၃ ရက်မှ ၇ ရက်အထိ ကလေး ၄ ဒသမ ၁၂ သန်းကျော်ကို ကာကွယ်ဆေး တိုက်ကျွေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အောင်ကျော်ကျော်**



# အာဖဂန်ဒုက္ခသည် ၄၃၂၇ ဦး အီရန်နိုင်ငံမှ အာဖဂန်နစ္စတန်နိုင်ငံသို့ ပြန်လည်ရောက်ရှိ

**ကဘူးလ် မတ် ၂၀**

လွန်ခဲ့သော နှစ်ရက်အတွင်း အာဖဂန်ဒုက္ခသည်ပေါင်း ၄၃၂၇ ဦးသည် အိမ်နီးချင်း အီရန်နိုင်ငံမှ ၎င်းတို့၏ မွေးရပ်မြေ အာဖဂန်နစ္စတန်နိုင်ငံသို့ ပြန်လည်ရောက်ရှိလာခဲ့ကြောင်း ဒုက္ခသည်များနှင့် နေရပ်ပြန်ပို့ရေးဝန်ကြီးဌာနက ယနေ့ သတင်းထုတ်ပြန်ခဲ့သည်။



ဒုက္ခသည်များ နေရပ်သို့ပြန်လည်ပို့ဆောင်ရေး လုပ်ငန်းစဉ်များကို ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ပြန်လည်ရောက်ရှိလာ**

ပြီးခဲ့သော ခြောက်လအတွင်း အာဖဂန်ဒုက္ခသည် ၃၀၀၀၀၀ ခန့်သည် အီရန်နိုင်ငံမှ ၎င်းတို့၏ မွေးရပ်မြေအာဖဂန်နစ္စတန်နိုင်ငံသို့ ပြန်လည်ရောက်ရှိလာကြောင်း သိရသည်။

လက်ရှိတွင် အာဖဂန်ဒုက္ခသည် ၂ ဒသမ ၅ သန်းကျော်သည် အီရန်နိုင်ငံ၌ နေထိုင်လျက်ရှိပြီး ပါကစ္စတန်နိုင်ငံ၌ အာဖဂန်ဒုက္ခသည် နှစ်သန်းကျော် နေထိုင်လျက်ရှိကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အောင်ကျော်ကျော်**

■

# ဗီယက်နမ်နိုင်ငံ၏ ဆိပ်ကမ်းစနစ်အား အမေရိကန်ဒေါ်လာ ၁၃ ဒသမ ၃ ဘီလီယံရင်းနှီးမြှုပ်နှံရန် လိုအပ်

**ဟနွိုင်း မတ် ၂၀**

ဗီယက်နမ်နိုင်ငံ၏ ဆိပ်ကမ်းစနစ်အား ၂၀၃၀ ပြည့်နှစ်တွင် အမေရိကန်ဒေါ်လာ ၁၃ ဒသမ ၃ ဘီလီယံအထိ ရင်းနှီးမြှုပ်နှံရန် လိုအပ်ကြောင်း သိရသည်။

ပို့ကုန်သွင်းကုန်တိုးမြှင့်ရေးအစီအစဉ်အရ ၂၀၅၀ ပြည့်နှစ်အထိ ရည်မှန်းရေးဆွဲထားသောဆိပ်ကမ်းစနစ်ဆိုင်ရာ အထူးအစီအစဉ်တွင် ဆိပ်ကမ်းများ ဖွံ့ဖြိုးတိုးတက်ရန်နှင့် အများပြည်သူပိုင်ရေကြောင်းဆိုင်ရာ အခြေခံအဆောက်အအုံများအား အဆင့်မြှင့်တင်ရန်အတွက် ပုဂ္ဂလိကကဏ္ဍမှ ရန်ပုံငွေရှာဖွေခြင်းကို တာဝန်ရှိသူများက အလေးပေးဆောင်ရွက်မည်ဖြစ်သည်။

အဆိုပါရန်ပုံငွေ၏ ၇၈ ရာခိုင်နှုန်းကို ဆိပ်ကမ်းအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ခွဲဝေပေးရန် စီစဉ်ထားပြီး ကျန်ငွေများမှာ အခြေခံအဆောက်အအုံတည်ဆောက်ရေးအတွက် သုံးစွဲသွားမည်ဖြစ်ကြောင်း သိရသည်။

ဗီယက်နမ် ပို့ဆောင်ရေးဝန်ကြီးဌာနသည် သောင်တူးခြင်းနှင့် ရေလမ်းကြောင်းဖောက်လုပ်ခြင်းကဲ့သို့သော လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံရန် အသေးစိတ်အစီအစဉ်များကိုလည်း ချမှတ်ထားသည်။ နိုင်ငံမြောက်ပိုင်းနှင့် တောင်ပိုင်းဒေသများရှိ အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းများအား အဆင့်မြှင့်တင်ထားပြီး သင်္ဘောခရီးစဉ်များအဖြစ် အာရှဒေသသို့လမ်းကြောင်း ၁၁ ခု၊ ဥရောပသို့ သုံးခုနှင့် အမေရိကသို့လမ်းကြောင်း အခု ၂၀ အထိ ပြေးဆွဲလျက်ရှိသည်။ **ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ**

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် မတ် ၃၀

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ် အမှတ်(၁၀)ရပ်ကွက်နေ နွယ်နွယ်စိုး(ခ)နန်းနွယ်နှင့် နွယ်နွယ်ဦးတို့သည် ၎င်းတို့အသုံးပြုသည့် "Nann Nwe" Facebook အကောင့်၊ "Nwe Nwe Oo" Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ် အမှတ်(၅)ရပ်ကွက်နေ ဥက္ကာထွန်းသည် ၎င်းအသုံးပြုသည့် "Oakar Tun" Facebook အကောင့်နှင့် ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ် အမှတ်(၃)ရပ်ကွက်နေ ဟန်ထူးအောင်(ခ)ဟိန်းဝင်းကျော်သည် ၎င်းအသုံးပြုသည့် "Hann Htoo Aung(Black) PDF" Facebook အကောင့်တို့ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



## ဝေါမြို့နယ်အတွင်း ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်မှု ကြည့်ရှုစစ်ဆေး

ဝေါ မတ် ၃၀

ပဲခူးခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါ်ခိုင်ရွှေဝါနှင့် ဝေါမြို့နယ်ကျေးလက်ဦးစီးဌာနဝန်ထမ်းများက မတ် ၂၉ ရက်တွင် ဝေါမြို့နယ်အတွင်းရှိ ကျေးလက်ရေရရှိရေးလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် ကြာလဟာကျေးရွာအုပ်စု ဦးမိုးစုကျေးရွာ၌ မြေသားရေကန်တိုးချဲ့ပြုပြင်ခြင်းလုပ်ငန်းများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝေါမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်) အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အင်းတိုင်စုကျေးရွာအုပ်စု အင်းတိုင်စုကျေးရွာနှင့် စိုင်တီစုကျေးရွာအုပ်စု စိုင်တီစုကျေးရွာသို့ သွားရောက်ကာ ကျေးရွာကော်မတီဝင်များနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

၂၂၂

## ကျောက်ကြီးမြို့နယ်အတွင်း KNLA အဖွဲ့မှ အကြမ်းဖက်မှုကို လိုလားသောအဖွဲ့က ထောင်ထားသည့် ဒေသန္တရကားမိုင်း နင်းမိပေါက်ကွဲပြီး အပြစ်မဲ့ပြည်သူတစ်ဦး သေဆုံး၊ လေးဦးဒဏ်ရာရရှိ

နေပြည်တော် မတ် ၃၀


ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ် နတ်သံကွင်း-ကျောက်ကြီးသွားကားလမ်းပေါ်၌ KNLA အဖွဲ့မှ အကြမ်းဖက်မှုကို လိုလားသောအဖွဲ့က ထောင်ထားသည့် ဒေသန္တရကားမိုင်းကို ယနေ့နံနက်ပိုင်းတွင် မော်တော်ယာဉ်တစ်စီး နင်းမိပေါက်ကွဲခဲ့သဖြင့် အပြစ်မဲ့ပြည်သူတစ်ဦးသေဆုံးပြီး လေးဦးဒဏ်ရာ ရရှိခဲ့သည်။

ဖြစ်စဉ်မှာ နတ်သံကွင်းကျေးရွာဘက်မှ ကျောက်ကြီးမြို့ဘက်သို့ အုတ်များတင်ဆောင်၍ ပဲနွယ်ကုန်းမြို့နေ မောင်စိန်မင်း(ဘ)ဦးလှမြင့်မောင်းနှင်ပြီး အမျိုးသား လေးဦးလိုက်ပါလာသည့် 9N/--- ချင်းလုံဒမ့်ထရပ် အမျိုးအစား မော်တော်ယာဉ်သည် ယနေ့နံနက် ၉ နာရီ မိနစ် ၄၀ ခန့်တွင် နတ်သံကွင်း-ကျောက်ကြီးသွားကားလမ်းပေါ်ရှိ ရန်မျိုးအောင်တံတားအနီးသို့အရောက်၌ KNLA အဖွဲ့မှ အကြမ်းဖက်မှုကို လိုလားသောအဖွဲ့က ထောင်ထားသည့် ဒေသန္တရကားမိုင်း နင်းမိပေါက်ကွဲခဲ့သဖြင့် ယာဉ်ပေါ်တွင် လိုက်ပါလာသည့် အမျိုးသားတစ်ဦးသေဆုံးပြီး လေးဦးတို့တွင် မိုင်းစထိမှန်ဒဏ်ရာများ ရရှိခဲ့သည်။

အဆိုပါနေရာတစ်ဝိုက်ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်းနှင့် ဒဏ်ရာရရှိသူများအား ကျောက်ကြီးမြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှုခံယူစေလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

KNLA အဖွဲ့မှ အကြမ်းဖက်မှုကို လိုလားသောအဖွဲ့က ကျောက်ကြီး-နတ်သံကွင်းသွားကားလမ်းရှိ ရန်မျိုးအောင်တံတားအနီး မိုင်းထောင်ဖောက်ခွဲသည့် ဖြစ်စဉ်နေရာပြပုံ




## ဆရာ ဆရာမများ မွမ်းမံသင်တန်းတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေး အသိပညာပေးဆွေးနွေး

နေပြည်တော် မတ် ၃၀

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍ အဂတိလိုက်စားမှု တိုက်ဖျက်ရေးနှင့် စပ်လျဉ်း၍ အသိပညာရရှိစေရန်၊ အဂတိလိုက်စားမှုကို တွန်းလှန်တိုက်ဖျက်ရာတွင် အဓိကကျသည့် ဖြောင့်မတ်တည်ကြည်မှုရှိသည့် အသိုက်အဝန်း တည်ဆောက်ရန်အတွက် ဆရာ ဆရာမများ မွမ်းမံသင်တန်းများတွင် အသိပညာပေး အစီအစဉ်များကို ဆောင်ရွက်လျက်ရှိသည်။



ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ကယားပြည်နယ်ရှိ လွိုင်ကော်မြို့ အထက(၁)၊ ဒီးမော့ဆိုမြို့ရှိ အလက(၂)၊ ဘောလခဲခရိုင်နှင့် မယ်စဲ့ခရိုင်ရှိ အထကတို့တွင် အွန်လိုင်းစနစ်ဖြင့် အသိပညာပေး ဆောင်ရွက်ခဲ့ပြီး ဆရာ ဆရာမများကလည်း စိတ်ဝင်တစား မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံကျေးရွာ ဂျာနယ် ထွက်ရှိ



၁-၄-၂၀၂၃ ရက်နေ့ထုတ် အတွဲ (၂၀)၊ အမှတ် (၇) တွင်
- ပိတောက်ရနံ့နှင့်အတူ နှစ်သစ်ကိုကြိုမည့် မြန်မာ့ရိုးရာရေသဘင်ပွဲတော်
- ကျိုက်မရောဒေသထွက် ဒူးရင်းသီးများ ဈေးကောင်းရ
- အစေ့ထုတ်ပြောင်း အထွက်နှုန်းမြင့်မားရေး
- စီးပွားဖြစ် မေမြို့ပန်းစိုက်ပျိုးထုတ်လုပ်မှု
- ပုံမှန်အစာကျွေးခြင်းဖြင့် ဒေသကြက်များရှင်သန်နိုင်
- ပျားမွေးမြူရေးအကြောင်း သိကောင်းစရာများ
- ကိုယ်ဝန်ဆောင်မိခင်နှင့် သံဓာတ်ချို့တဲ့ခြင်း
- မျက်နှာလှလှလေးတွေ ချွေးပေါက်မပိတ်ရလေအောင် စသည့်တို့ အပါအဝင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေး၊ သုတရသစုံလင်စွာဖြင့် ထွက်ရှိပြီးဖြစ်ပါသည်။

တစ်စောင် (၂၅၀) ကျပ်

အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးများတွင် ဝယ်ယူရရှိနိုင်ပါသည်။

DKY Journal



## မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ရေးအတွက် အလှူငွေများ ပေးအပ်လှူဒါန်း

နေပြည်တော် မတ် ၃၀

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ရာတွင် အသုံးပြုနိုင်ရေးအတွက် စေတနာရှင် အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းခြင်းကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်တိုင်းစစ်ဌာနချုပ် ဧည့်ခန်းမ၌ ကျင်းပရာ တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့် တာဝန်ရှိသူများ၊ အလှူရှင်များနှင့် မိသားစုဝင်များ တက်ရောက်ကြသည်။

**ပေးအပ်လှူဒါန်း**

အလှူရှင်များဖြစ်ကြသော သီဟသုဓမ္မမဏိဇောတဓရ လူမှုထူးချွန် (ပထမအဆင့်) ဦးဘရန်မိုင်နှင့်ဇနီး ဒေါ်နန်းအေခန့် မိသားစုက မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ရာ၌ ရေပန်းအသေး (အချင်း ၁၅ ပေ၊ အမြင့် ကိုးပေ) တည်ဆောက်ရန်အတွက် အလှူငွေကျပ် ၈၀၅ သိန်းကိုလည်းကောင်း၊ သုဓမ္မမဏိဇောတဓရ ဦးစိုးဝဏ္ဏနှင့်ဇနီး ဒေါ်ရှီကျူးဆန်းမိသားစုက ရေပန်းအသေး (အချင်း ၁၅ ပေ၊ အမြင့် ကိုးပေ) တည်ဆောက်ရန်အတွက် အလှူငွေကျပ် ၈၀၅ သိန်းကိုလည်းကောင်း **(အပေါ်ပုံ)**၊ သီဟသုဓမ္မမဏိဇောတဓရ ဦးဝေမောင်မောင်နှင့် ဇနီးဒေါ်လီလီခိုင် မိသားစုတို့က ကျောက်စာရုံဓမ္မာရုံစေတီတစ်ဆူ တည်ဆောက်ရန်အတွက် အလှူငွေကျပ် ၂၇၉ သိန်းကိုလည်းကောင်း ပေးအပ်လှူဒါန်းကြရာ တိုင်းမှူးက လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## အင်းစိန်မြို့နယ်၌ အစိုးရပါဠိပထမပြန်စာမေးပွဲ ဆက်လက်ကျင်းပ

ရန်ကုန် မတ် ၃၀

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်တွင် အစိုးရပါဠိပထမပြန်စာမေးပွဲကို အင်းစိန်မြို့နယ် ကြို့ကုန်းအရှေ့ရပ်ကွက် မင်းဓမ္မလမ်း သီရိမင်္ဂလာ မဟာသာသနာ့ဗိမာန်တော်ကြီး စာဖြေဌာန၌ မတ် ၂၈ ရက်မှ ဧပြီ ၃ ရက်အထိ ကျင်းပလျက်ရှိကြောင်း သိရသည်။

ပါဠိပထမပြန်စာမေးပွဲ ယနေ့(တတိယနေ့)တွင် ပထမကြီးတန်း၊ ပထမလတ်၊ ပထမငယ်နှင့် အခြေပြုမူလတန်းတို့တွင် ရဟန်းသာမဏေ၊ သီလရှင် စုစုပေါင်း ၄၉၈ ပါး၊ ယင်းအတန်း လေးတန်းတို့တွင် အဘိဓမ္မတ္ထသင်္ဂဟဘာသာရပ်အား ဖြေဆိုခဲ့ကြကြောင်း သိရသည်။

အဆိုပါ ပါဠိပထမပြန်စာမေးပွဲတွင် ရဟန်း၊ သံဃာ၊ သီလရှင်များ အေးချမ်းစွာ ဖြေဆိုနိုင်ရန် အင်းစိန်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်သာသနာရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး၊ မြို့နယ်ကြက်ခြေနီအသင်းခွဲနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများက စာမေးပွဲကြီးကြပ်ရေးအဖွဲ့ ဩဝါဒါစရိယဆရာတော်များ၊ စာဖြေဌာနကြီးကြပ်ရေးအဖွဲ့ ဆရာတော်များ၊ စာဖြေသံဃာတော်များနှင့် သီလရှင်များအား အချိုရည်ဘူးများနှင့် ရေသန့်ဘူးများ၊ ဆက်ကပ်လှူဒါန်းခဲ့ကြောင်းနှင့် လိုအပ်သည်များ ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဉာဏ်ဟိန်း

■

တာမွေမြို့နယ် လျှပ်စစ်မန်နေဂျာရုံးမှ အရာထမ်း၊ အမှုထမ်းများ၊ တာမွေမြို့နယ် မီးသတ်ဦးစီးဌာနမှ ဒုတိယဦးစီးမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင်များက မီးဘေးအန္တရာယ်ကာကွယ်ရေးဟောပြော သရုပ်ပြဇာတ်တိုက်လေ့ကျင့်ခြင်းကို မတ် ၃၀ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်လျှပ်စစ် ဓာတ်အားပေးရေးကော်ပိုရေးရှင်း အရှေ့ပိုင်းခရိုင် တာမွေမြို့နယ် လျှပ်စစ်မန်နေဂျာရုံး၌ ဆောင်ရွက်စဉ်။

ကျော်စိုးမိုး (မင်္ဂလာတောင်ညွန့်)



**ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားစျေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီစျေးနှုန်းများ

၃၁-၃-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီစျေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၁၁၀ | ၂၁၆၀ | ၂၁၅၅ | ၂၁၂၀ | ၂၁၅၅ | ၂၁၈၀ | ၂၁၆၅ | ၂၁၄၅ | ၂၂၄၀ | ၂၂၅၅ | ၂၁၅၀ | ၂၁၆၀ | ၂၁၉၅ | ၂၁၉၅ | ၂၂၀၀ | ၂၄၃၀ | ၂၈၁၀ |
| 95 Ron | ၂၂၀၀ | ၂၂၅၀ | ၂၂၅၀ | ၂၂၁၀ | ၂၂၅၀ | ၂၂၇၀ | ၂၂၅၅ | ၂၂၃၅ | ၂၃၃၀ | ၂၃၅၀ | ၂၂၄၀ | ၂၂၆၀ | ၂၂၈၅ | ၂၂၈၅ | ၂၂၉၀ | ၂၅၂၀ | ၂၈၈၅ |
| HSD (500 ppm) | ၂၀၇၀ | ၂၁၂၀ | ၂၁၁၅ | ၂၀၈၀ | ၂၁၂၀ | ၂၁၄၀ | ၂၁၃၅ | ၂၁၀၅ | ၂၂၂၅ | ၂၂၂၀ | ၂၁၁၀ | ၂၁၂၀ | ၂၁၆၀ | ၂၁၅၅ | ၂၁၆၀ | ၂၃၉၀ | ၃၁၀၀ |
| HSD (50 ppm) | ၂၁၅၀ | ၂၂၀၀ | ၂၁၉၅ | ၂၁၆၀ | ၂၂၀၀ | ၂၂၂၀ | ၂၂၁၅ | ၂၁၈၅ | ၂၃၀၅ | ၂၃၀၀ | ၂၁၉၀ | ၂၂၀၀ | ၂၂၃၅ | ၂၂၃၅ | ၂၂၄၀ | ၂၄၇၀ | ၃၁၃၀ |
| HSD (10 ppm) | ၂၁၅၀ | ၂၂၀၀ | ၂၁၉၅ | ၂၁၆၀ | ၂၂၀၀ | ၂၂၂၀ | ၂၂၁၅ | ၂၁၈၅ | ၂၃၀၅ | ၂၃၀၀ | ၂၁၉၀ | ၂၂၀၀ | ၂၂၃၅ | ၂၂၃၅ | ၂၂၄၀ | ၂၄၇၀ | ၃၁၃၀ |

ကျပ်/လီတာ

| Fuel (လက်ကားစျေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၀၀၂ | ၂၀၇၅ |
| 95 Ron | ၂၀၉၀ | ၂၁၆၆ |
| HSD (500 ppm) | ၁၉၆၈ | ၂၀၃၇ |
| HSD (50 ppm) | ၂၀၄၂ | ၂၁၁၂ |
| HSD (10 ppm) | ၂၀၄၂ | ၂၁၁၂ |

မှတ်ချက်။ (၁) MOPS စျေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၀၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဆောင်းနှေကြာစံကွက်ရိတ်သိမ်းနေမှုအား ကြည့်ရှုအားပေး၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်



**ပုသိမ် မတ် ၃၀**

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းသည် ဝန်ကြီးများ၊ ဌာနဆိုင်ရာများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် သာပေါင်းမြို့နယ် ကညင်ပင်ကျေးရွာ၌ ပြုလုပ်သည့် ဆောင်းနှေကြာစံကွက်ရိတ်သိမ်းနေမှုများကို ကြည့်ရှုအားပေးခဲ့ပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်သည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က သာပေါင်းမြို့နယ် ကညင်ပင်ကျေးရွာ တောင်သူဒေါ်ထွေးရီ၏ ရေဆင်း(၁)စပ်မျိုးနေကြာ လယ်ယာမြေကိုးကေအနက် သုည ဒသမ ၁၀ ကေအား စံကွက်ရိတ်သိမ်းနေမှုကို ကြည့်ရှုအားပေးခဲ့ပြီး တိုင်းဒေသကြီးအတွင်း ဆီဖူလုံမှုလုံလောက်စေရေးအတွက် ဦးစားပေးဆောင်ရွက်စေရေး၊ ရိတ်သိမ်းချိန်လေလွင့်မှုမရှိစေရေး၊ နေကြာမျိုးကောင်းမျိုးသန့်များ တိုးချဲ့စိုက်ပျိုးနိုင်ရေး မှာကြားသည်။ အဆိုပါတောင်သူ၏ ရေဆင်း(၁) စပ်မျိုးနေကြာ တစ်ဧကအထွက်နှုန်းမှာ နေကြာအစေ့ ၃၃ ဒသမ ၇၂ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် သာပေါင်းမြို့ အခြေခံပညာအထက်တန်းကျောင်း၌ ပြုလုပ်လျက်ရှိသည့် အခြေခံပညာမူလတန်းအဆင့် ဘာသာရပ်စွမ်းရည်မြှင့်ဆွေးနွေးပွဲသို့ တက်ရောက်နေသည့် ဆရာ ဆရာမများနှင့်တွေ့ဆုံ၍ မိမိတို့ တိုင်းဒေသကြီးသည် ကျောင်းတက်ရောက်မှုအများဆုံးနှင့် အခြေခံပညာကျောင်းအများဆုံးရှိသည့် တိုင်းဒေသကြီး ဖြစ်ကြောင်း၊ ယခုဆွေးနွေးပွဲသည် အခြေခံပညာမူလတန်းသို့တက်ရောက်မည့် ကလေးငယ်များအား သင်ကြားပေးနေသည့် ဆရာ ဆရာမများကို အခြေခံပညာမူလတန်းသင်ဘာသာရပ်စွမ်းရည်မြှင့်ဆွေးနွေးပွဲဖြစ်၍ ဆရာ ဆရာမများအနေဖြင့် ပိုမိုဂရုစိုက် လေ့လာမှတ်သားစေလိုကြောင်း ပြောကြားသည်။ ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် သာပေါင်းမြို့နယ် အောင်တပ်စံပြကျေးရွာတွင် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်သည့် တောင်သူ ဦးသန်းဝင်းနှင့် တောင်သူ ဒေါ်စန်းစန်းမော်တို့၏ လယ်မြေ လေးကေ၌ နှမ်းစပါး (ပခမ်းရွှေဝါ)မျိုးစပါး စိုက်ပျိုးဖြစ်ထွန်းအောင်မြင်နေမှုနှင့် ဆိုလာရေတင်စနစ်ဖြင့် လယ်ကေအတွင်း စိုက်ပျိုးရေသွင်းနေမှုများကို ကြည့်ရှုအားပေးခဲ့ပြီး စိုက်ပျိုးရေများ စနစ်တကျသုံးစွဲရေး၊ သီးနှံများတွင် ပိုးမွှားများ ကျရောက်မှုမရှိစေရေးနှင့် တစ်ဧကအထွက်တိုးစေရေး အလေးထားဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



# ကျောင်းကုန်းမြို့၌ သီးနှံနစ်နာကြေးငွေကျပ် ၄၆၅ သိန်းကျော်ပေးအပ်ပွဲ ကျင်းပ

**ကျောင်းကုန်း မတ် ၃၀**

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ညောင်တုန်း-သာပေါင်း ၁၀ လက်မ ၅၅ မိုင် ပိုက်လိုင်းလမ်းကြောင်းပြောင်း ဆက်သွယ်ခြင်းလုပ်ငန်း၌ တောင်သူများ၏ လယ်မြေသီးနှံများ မတော်တဆ ထိခိုက်ပျက်စီးသွားသဖြင့် သီးနှံနစ်နာကြေးပေးအပ်ပွဲကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အေးချမ်းသာယာခန်းမ၌ ယနေ့နံနက် ၁၁ နာရီတွင် ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးအုန်းမြင့်က အမှာစကား ပြောကြားသည်။

ဆက်လက်၍ သဘာဝဓာတ်ငွေ့ပိုက်လိုင်း ဒုတိယအင်ဂျင်နီယာချုပ် ဦးသိန်းထိုက်က ရန်ကုန်-ပုသိမ်ကားလမ်း အဆင့်မြှင့်တင်ခြင်း စီမံကိန်းနှင့်မလွတ်ကင်းသော ညောင်တုန်း- သာပေါင်း ဓာတ်ငွေ့ပိုက်လိုင်းပြောင်းရွှေ့ခြင်းလုပ်ငန်းတွင် ကျောင်းကုန်းမြို့နယ်အတွင်းမှ ကျေးရွာအုပ်စု ၁၀ အုပ်စုမှ မတော်တဆထိခိုက်ပျက်စီးသွားသော လယ်ယာမြေသီးနှံများ၏ တောင်သူ ၆၃ ဦးအား နစ်နာကြေးပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အထွေထွေမန်နေဂျာ(ညောင်တုန်း) ဦးတင်မျိုးဦးက လှည်းဆိပ်ရွာသို့လည်းကောင်း၊ ဒုတိယအင်ဂျင်နီယာချုပ် ဦးသိန်းထိုက်က ဂုန်မင်းကျေးရွာသို့လည်းကောင်း၊ စီမကိန်းမန်နေဂျာ ဦးမျိုးမြင့်က ကံကလေးကျေးရွာသို့လည်းကောင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးဝင်းက ဖြိုက်ကြီးကျေးရွာသို့လည်းကောင်း ပေးအပ်ခဲ့ကြပြီး ပသွယ်ချောင်း-ကံကလေးလမ်းဆုံ ၁၀ လက်မ ၂၀ မိုင် ပိုက်လိုင်း လမ်းကြောင်းပြောင်း ဆက်သွယ်ခြင်းလုပ်ငန်းတွင် ကျောင်းကုန်းမြို့နယ်အတွင်း ကျေးရွာအုပ်စု ၁၀ အုပ်စုမှ တောင်သူ ၆၃ ဦးတို့အား တာဝန်ရှိသူများက သီးနှံနစ်နာကြေးငွေကျပ် ၄၆၅ သိန်းကျော် ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**


# ရွှေသွေးဂျာနယ်ထွက်ရှိ

**နေပြည်တော် မတ် ၃၀**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ်စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကိုထုတ်ဝေဖြန့်ချိလျက်ရှိသည်။

၁-၄-၂၀၂၃ ရက်(စနေနေ့)တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ်အတွဲ (၅၅)၊ အမှတ် (၁၃) တွင် အတွေ့အကြုံရှိသူတို့၏ စေတနာဖြင့် အန္တရာယ်မဖြစ်စေရန် သတိပေးစကားပြောသည်ကို မစဉ်းစားမဆင်ခြင်ခဲ့မိရာက အသက်ဘေးနှင့် ရင်ဆိုင်ရလုနီးပါးဖြစ်ခဲ့သော ခါချဉ်လေးအကြောင်း သရုပ်ဖော်ထားသည့် “စွန့်စားချင်တဲ့ ခါချဉ်လေး” မျက်နှာဖုံးကာတွန်း၊ မတူညီသော စက်ဘီးဒီဇိုင်းများကို အဆင့်အဆင့် ပိုမိုခေတ်မီကောင်းမွန်အောင် တီထွင်ခဲ့ကြပုံအကြောင်း ဗဟုသုတဖြစ်ဖွယ် တင်ဆက်ထားသည့် “မတူညီတဲ့ စက်ဘီးဒီဇိုင်းများ” သုတဆောင်းပါး၊ လျှပ်စစ်အပူလွန်ကဲခြင်းကြောင့် မီးလောင်မှုဖြစ်ပွားရာ ဂျာရစ်နှင့် သူ၏သူငယ်ချင်းတို့၏ ဝိုင်းဝန်းကူညီမှုဖြင့် မီးကိုအချိန်မီ ငြိမ်းသတ်နိုင်ခဲ့ပုံအကြောင်း သရုပ်ဖော်ထားသည့် “ဂျာရစ်တို့သကြံန်” နှစ်မျက်နှာကာတွန်း၊ အနာဂတ်၏ အညွန့်အဖူးလေးများဖြစ်သည့် သားသား၊ မီးမီးတို့သည် သဘာဝ၏ လုပခြင်းအနုပညာကို မြတ်နိုးတန်ဖိုးထားတတ်ပြီး အလှအပကို ဖန်တီးတန်ဆာဆင်မည့်သူများဖြစ်ကြောင်း တင်ဆက်ထားသည့် “လောကကို အလှဆင်ကြသူများ” ဝတ္ထုတို ကဏ္ဍ၊ သားသား၊ မီးမီးတို့အနေဖြင့် အချင်းချင်း သူငယ်ချင်းမိတ်ဆွေဖြစ်ဖို့ရန်အတွက် ခန္ဓာကိုယ်အချိုးအစားနှင့် အရည်အချင်းများတူနေရန်မလိုအပ်ဘဲ တစ်ယောက်မလုပ်နိုင်သည်ကို တစ်ယောက်က ကူညီပေးရင်းကိုယ်ကိုတိုင်ကလည်း သူငယ်ချင်းကောင်းတစ်ယောက်ဖြစ်အောင် ကြိုးစားနေထိုင်တတ်ရမည်ဖြစ်ကြောင်း ရေးဖွဲ့ထားသည့် “ဆင်လေးစိုးစိုးနှင့် သူ၏သူငယ်ချင်းများ” ပုံပြင်ကဏ္ဍ၊ သားသား၊ မီးမီးတို့အနေဖြင့်အသိပညာဗဟုသုတများ တိုးပွားပြီး တွေးခေါ်စွမ်းရည်များတိုးစေရန် စာပေမျိုးစုံဖတ်ကြရမည်ဖြစ်ကြောင်း ရေးဖွဲ့ထားသည့် ဆရာမောင်ထည်ဝါ (ပျော်ဘွယ်)၏ “စာကြည့်တိုက်သို့သွားကြစို့” ကဗျာကဏ္ဍအပါအဝင် ရွှေသွေးတို့လက်ရာကဏ္ဍ၊ ဉာဏ်စမ်းကဏ္ဍနှင့် ရွှေသွေးအင်္ဂလိပ်သဒ္ဒါကဏ္ဍစုံလင်စွာဖြင့် ထွက်ရှိပြီဖြစ်ရာ တစ်စောင်လျှင် ငွေကျပ် ၄၀၀ ဖြင့် စာပေဗိမာန်စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**




■ MNL-2 ပြိုင်ပွဲမှ

အသင်းသစ်များအဖြစ် သစ္စာအားမာန်အသင်း၊ ငွေကြယ်ပွင့်အသင်း၊ ရက္ခပူရယူနိုက်တက်အသင်း၊ Port အသင်း၊ Glory Goal အသင်း၊ Golden Grit အသင်းနှင့် ရွှေပြည်သာအသင်းတို့ ယှဉ်ပြိုင်မည်ဖြစ်သည်။ ယခုရာသီတွင် အမှတ်အများဆုံးရရှိသည့် နှစ်သင်းမှာ MNL သို့ တန်းတက်ခွင့်ရမည်ဖြစ်ပြီး အမှတ်အနည်းဆုံး နှစ်သင်းမှာမူ အပျော်တမ်းလိဂ်သို့ တန်းဆင်းယှဉ်ပြိုင်ရမည် ဖြစ်သည်။

ပထမအကျော့ပွဲစဉ်များကို ဧပြီ ၂၄ ရက်မှ ဇွန် ၂၅ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ပွဲစဉ် (၁) အဖြစ် ဧပြီ ၂၄ ရက်တွင် စလင်းကွင်း၌ သစ္စာအားမာန်အသင်းနှင့် Junior Lions အသင်း၊ ပဒုမ္မာကွင်း၌ ငွေကြယ်ပွင့်အသင်းနှင့် ရက္ခပူရယူနိုက်တက်အသင်း၊ ဧပြီ ၂၅ ရက်တွင် စလင်းကွင်း၌ မောရဝတီအသင်းနှင့် Port အသင်း၊ ပဒုမ္မာကွင်း၌ Glory Goal အသင်းနှင့် Golden Grit အသင်း၊ ဧပြီ ၂၆ ရက်တွင် ပဒုမ္မာကွင်း၌ ရွှေပြည်သာအသင်းနှင့် တက္ကသိုလ်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ **ကိုညီလေး**



ဗိုလ်တထောင်မြို့နယ် မူလတန်းအဆင့် ဘာသာရပ်စွမ်းရည်မြှင့် သင်တန်းကို မတ် ၂၈ ရက်က အထက- ၄ ဗိုလ်တထောင်၌ စတင်ဖွင့်လှစ်စဉ်။ (သင်တန်းကာလမှာ မတ် ၂၈ ရက်မှ ၃၁ ရက်အထိ လေးရက်ကြာမြင့်မည်ဖြစ်ပြီး နည်းပြငါးဦးနှင့် သင်တန်းသူ ၈၆ ဦးတို့ တက်ရောက်ကြသည်။) ကြေးမုံ

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်မောင်ဖြူ၏ “နွေဦးကာလ မြူထသောခါ” အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့၊ ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တို့တွင် ဖော်ပြပေးသွားမည် ဖြစ်ပါသည်။




၂၉-၃-၂၀၂၃ ရက်မှအဆက်

“နောက်ပြီးတော့ အခုတင်ပြတဲ့ ကျပ်ငွေငါးဆယ့်ခုနစ်သိန်းခွဲကျော်ဖိုးထဲမှာဆိုရင် ထန်းလျက်ထုတ်ကုန်တစ်ခုထဲက တင်ပြထားတဲ့ ကုန်ထုတ်စွမ်းအားငွေပါ။ တခြား ထန်းပင်ထွက်ပစ္စည်းများဖြစ်တဲ့ ထန်းရွက်၊ ထန်းလျှော်၊ ထန်းကြောဖျာ၊ ထန်းခေါက်တောင်း၊ ထန်းမြစ်၊ ထန်းသီး၊ ထန်းရည်ခါး စတာတို့ရဲ့ တန်ဖိုးငွေ မပါသေးပါဘူး။ အဲဒီပစ္စည်းတွေရဲ့ ထုတ်လုပ်အား တန်ဖိုးငွေပါဆိုရင် သိန်းခုနစ်ဆယ်ကျော်ဖိုးအောက် မလျော့ပါဘူး”

“ဒါနဲ့ ဆရာကြီး၊ ကျုပ် တစ်ခုမေးပါရစေ”

ဆရာကြီးဦးလှဒင်၏ စကားအပြတ်တွင် “ဆယ်ရင်” ဆိုသူ ထန်းသမားလူငယ်တစ်ဦးက မရဲတရဲဖြင့် လှမ်းမေးလိုက်သည်။

“မေးပါ မေးပါ၊ အားမနာပါနဲ့”

ဆရာကြီး ဦးလှဒင်ကလည်း လိုက်လျော ဖော်ရွေစွာဖြင့် ပြန်ပြောလိုက်သည်။

“ဆရာကြီး ရှင်းပြသွားတဲ့ ကိုးကားချက် စာရင်းဇယားဟာ ၁၉၄၀၊ ၄၁ ခုနှစ်ကဆိုတော့ အင်္ဂလိပ်ခေတ်ဟောင်းကပဲ။ ခုခေတ်နဲ့ နှိုင်းယှဉ်လို့ ခေတ်မီပါ့မလား”

လက်ပံပင်ရွာ အလယ်တန်းကျောင်းမှ ထွက်လာသော အတော်အတန် ဗဟုသုတရှိသည့် ဆယ်ရင်က သူ့ထင်မြင်ချက်ကို ဖွင့်မေးလိုက်သည်။

“သြော် ဒါလား၊ နှိုင်းယှဉ်လို့ ရပါတယ်ကွယ့်။ ၁၉၄၀၊ ၄၁ ဆိုတော့ ဒုတိယကမ္ဘာစစ်ကြီး မြန်မာပြည်ထဲ ရောက်လုရောက်ဆဲ ဂျပန်တွေ မြန်မာနိုင်ငံထဲ မဝင်ခင်လေးက စာရင်းဇယားပေါ့။ ဒီတုန်းက မြန်မာနိုင်ငံဟာ စီးပွားရေးအနေနဲ့ ဖွံ့ဖြိုးနေဆဲအချိန်ပါ။ အဲဒီတော့ ခင်ဗျားတို့ သံသယကင်းသွားအောင် အဲဒီလို မြန်မာပြည်ထဲ စစ်မရောက်မီ ၁၉၄၀၊ ၄၁ ခုနှစ်ကထွက်တဲ့ ထွက်ကုန်ပစ္စည်းတွေရဲ့ တန်ချိန်နဲ့ လွန်ခဲ့တဲ့ ၁၉၆၁၊ ၆၂ ခုနှစ်ကထွက်တဲ့ ကုန်ပစ္စည်းတွေရဲ့ ထွက်ကုန်စွမ်းအား တန်ချိန်နဲ့ တချို့တစ်ဝက်ကို ထုတ်နုတ်ပြီး နှိုင်းယှဉ်ကြည့်ကြရအောင်။

ကုန်ပစ္စည်းအထွက်နှုန်း စွမ်းအား နှိုင်းယှဉ်ချက်

| ကုန်ပစ္စည်း | ● ၁၉၄၀၊ ၄၁/ခုနှစ် | | ★ ၁၉၆၁၊ ၆၂/ခုနှစ် | |
|---|---|---|---|---|
| စပါး | တန် | ၇,၂၆၅,၂၀၀ | တန် | ၆,၇၉၆,၀၀၀ |
| မြေပဲ | ။ | ၂၆၀,၃၆၂ | ။ | ၃၈၇,၀၀၀ |
| နှမ်း | ။ | ၇၁,၄၉၈ | ။ | ၇၅,၀၀၀ |
| ဝါဂွမ်း | ။ | ၅၆,၀၁၆ | ။ | ၂၁,၀၀၀ |
| ငရုတ် | ။ | ၃၃,၀၂၇ | ။ | ၂၄,၀၀၀ |
| ကြက်သွန် | ပိဿာ | ၄၁,၁၀၀,၀၀၀ | ပိဿာ | ၄၂,၃၁၀,၉၆၀ |
| ဆေး | ။ | ၃၃,၄၀၀,၀၀၀ | ။ | ၂၉,၂၄၄,၃၄၀ |
| ထန်းလျက် | ။ | ၁၀,၇၂၀,၀၀၀ | ။ | ၁၀,၀၀၀,၀၀၀ |

● ဦးလှမောင်၏ ပဒေသာပင်များ စာအုပ်မှ။
★ ပြည်သူသို့ အစီရင်ခံစာမှ။

“အခု ကျွန်တော်ပြောပြသွားတဲ့ စာရင်းဇယားထဲမှာဆိုရင် ဟိုစဉ်ကလည်း ထန်းလျက်ပိဿာချိန် သိန်းသုံးရာကျော်၊ လွန်ခဲ့တဲ့နှစ်က ဆိုရင်လည်း ပိဿာချိန် သိန်းသုံးရာလောက်ဆိုတော့ ကွာခြားချက် မရှိပါဘူး။ အတူတူထွက်လျက်ပါပဲ။ ဒါပေမဲ့ စပါးကြည့်မယ်ဆိုရင်တော့ ဟိုစဉ် ၁၉၄၀၊ ၄၁ ခုနှစ်က စပါးတန်ချိန် ခုနစ်သန်းကျော် ထွက်တယ်။ အခု လွန်ခဲ့တဲ့ ၁၉၆၁၊ ၆၂ ခုနှစ်အထိ တန်ချိန် ခြောက်သန်းကျော်ပဲ ထွက်ရှုံရှိသေးတယ်။ စစ်မဖြစ်မီကစံချိန်ကို ပြည့်အောင်မထုတ်လုပ်နိုင်သေးဘူး။ တခြားသီးနှံတွေဆိုလည်း ဒီလိုပဲ။ စစ်မဖြစ်မီကစံချိန်ကို မီအောင် မထုတ်လုပ်နိုင်သေးဘူး။

“အဲ အဲ မြေပဲတစ်ခုပဲ အောက်မြန်မာပြည်ကပါ ဆောင်းရာသီ သီးထပ်အနေနဲ့စိုက်ကြလို့ စစ်မဖြစ်မီ ၁၉၄၀၊ ၄၁ ခုနှစ်က တန်ချိန်နှစ်သိန်းခွဲကျော်။ အခု ၁၉၆၁၊ ၆၂ ခုနှစ်ကျတော့ တန်ချိန်သုံးသိန်းခွဲကျော်ထိ တိုးပြီးထွက်လာတယ်။ ထုတ်လုပ်လာတယ်။ ဒီတော့ ကျွန်တော် ပြောပြ ရှင်းပြခဲ့တဲ့ စာရင်းဇယားဟာ ခေတ်မီပါတယ်၊ နှိုင်းယှဉ်လို့ရပါတယ်လို့ ဆိုချင်ပါတယ်။

“အဲဒီတော့ စောစောကစကားကို ပြန်ပြီး ဆက်ပါရစေ၊ ခင်ဗျားတို့ ထန်းသမားတွေဟာလည်း တခြား ကောက်ပဲသီးနှံတွေကို ထွက်ရှိအောင်လုပ်တဲ့ တောင်သူလယ်သမားတွေလို ပြောပြခဲ့တဲ့ စာရင်းဇယားများအရ တန်းတူရည်တူအနေနဲ့ တိုင်းပြည်ကို ကုန်ထုတ်စွမ်းအားတွေအပြည့်နဲ့ အကျိုးပြုနေတဲ့ “လူတန်းစားတစ်ရပ်” ပါ။

“ဒီနေရာမှာ ခင်ဗျားတို့ ထန်းသမားတွေဟာ ထန်းအောက်မြေကိုပါ ထွန်ယက်စိုက်ပျိုးပေးရလို့ တကယ်ဆိုတော့ တောင်သူတစ်ပိုင်း၊ ထန်းသမားတစ်ပိုင်း၊ “ထန်းတောင်သူ” တွေလို့ ခေါ်ချင်ရင်တောင် ခေါ်နိုင်ပါသေးတယ်။ တခြားကောက်ပဲသီးနှံတွေရဲ့ ထွက်ကုန်စွမ်းအားတန်ဖိုးထဲမှာ ခင်ဗျားတို့ ထန်းသမားတွေလည်း ပါပါသေးတယ်။ ကဲပါလေ ဒါ ထားပါတော့၊ ကျွန်တော် ပထမဆုံး နိဒါန်းပလ္လင်ခံခဲ့တဲ့စကားကို ပြန်ကောက်ပါရစေ။

“ဘာကြောင့် ဒီနေရာမှာ ခင်ဗျားတို့ ထန်းသမား အလုပ်သမား တောင်သူလယ်သမားတွေရဲ့ ခေတ်လို့ ဆိုနိုင်သလဲလို့ မေးစရာရှိပါတယ်။ တကယ်တော့ မေးနေစရာတောင် မလိုပါဘူး။ ကျွန်တော်တို့ ဒီထန်းတောပိုင်းမှာသာ ခေတ်က မပြောင်းလဲသေးပေမယ့် တခြားနေရာတွေမှာဆိုရင် သိသိသာသာကြီးနဲ့ အံ့သြလောက်အောင် ပြောင်းလဲသွားတာကို တွေ့နေရပါတယ်။ ဒီလို ပြောင်းလဲသွားတာကလည်း တိုင်းပြည်ကိုအုပ်ချုပ်တဲ့ အစိုးရကိုယ်တိုင်က ဝါဒလမ်းစဉ်ပြောင်းသွားလို့သာ ဒီနေ့ တောင်သူလယ်သမား အလုပ်သမားတွေရဲ့ ဘဝအခြေအနေဟာလည်း ပြောင်းသွားရခြင်းပါ။ နောက်ပြီး ဒီနေ့ တိုင်းပြည်ကို အုပ်စိုးနေတဲ့ အစိုးရကလည်း အရင့်အရင်အဆက်ဆက်က တက်လာခဲ့တဲ့ အစိုးရတွေနဲ့မတူတဲ့ လူနေမှုစနစ်ကို ပြောင်းလဲပစ်မယ့် တော်လှန်ရေးအစိုးရပဲဆိုတာ ခင်ဗျားတို့ အသိပဲ။

“ဒါကြောင့်လည်းပဲ တော်လှန်ရေးအစိုးရပီပီ ယိုယွင်းပျက်စီးနေတဲ့ စနစ်ဟောင်း စနစ်ဆွေး၊ ဥပဒေဟောင်း ဥပဒေဆွေးတွေကို အားလုံးဖျက်သိမ်းပစ်တယ်။ သို့မို့လို့လည်းပဲ တော်တော်တလောက တောင်သူလယ်သမားတွေဘက်က မနစ်နာနိုင်တဲ့ ကာကွယ်ပေးတဲ့ လယ်သီးစားဥပဒေကို အသစ်ပြန်လည်ရေးဆွဲပြီး ကြေညာအတည်ပြုလိုက်တယ်လေ။ အဲဒီလိုပဲ လက်ရှိ အလုပ်သမားဥပဒေဟာလည်း အလုပ်သမားတွေဘက်က ထိရောက်စွာ မကာကွယ်နိုင်လို့ မကြာခင်မှာပဲ တကယ်ထိရောက်အောင် ကာကွယ်နိုင်တဲ့ အလုပ်သမားဥပဒေသစ်ကို ပြန်လည်ရေးဆွဲပြီး ပြဋ္ဌာန်းပေးတော့မယ်ဆိုတဲ့ အကြောင်း မေဒေးနေ့မှာ ဗိုလ်ချုပ်ကြီးနေဝင်းက မိန့်ကြားသွားတယ်။

“ဒါတွေကို ကြည့်ခြင်းအားဖြင့် ဒီနေ့ တော်လှန်ရေးအစိုးရဟာ တောင်သူလယ်သမား အလုပ်သမားတွေကို နေရာပေးနေပြီ၊ ရှေ့တန်းမှာ တင်နေပြီ။ လယ်သမား၊ အလုပ်သမားနိုင်ငံ ထူထောင်နေပြီဆိုတာကို လက်တွေ့က သက်သေပြနေပြီ။ ဒါကြောင့်မို့ စောစောက ကျွန်တော်တင်ပြခဲ့သလို ဒီနေ့ခေတ်ဟာ အလုပ်သမားခေတ်ဆိုတော့ တောင်သူလယ်သမား အလုပ်သမားဖြစ်ရတာဟာ ဂုဏ်ယူစရာပါ။ ဒီအစိုးရ မတက်ခင် အရင်ခေတ်တွေကဆို တောင်သူလယ်သမား အလုပ်သမားတွေဆိုရင် ပညာမတတ် ဘာမတတ် ဆင်းရဲသားတွေဆိုပြီး လူရာမသွင်းဘူး။ အမြဲတမ်း နှိမ့်ချထားတယ်။ ကုန်သည်ကြီး၊ ပွဲစားကြီး၊ စာရေးကြီး၊ အရာရှိကြီးရယ်ဆိုမှ ဂုဏ်ရှိတယ်၊ လူအထင်ကြီးတယ်လို့ ထင်ခဲ့ကြတာ။ ခုတော့ ဒီခေတ်ဟာ ကုန်ဆုံးခဲ့ပါပြီ။

“ဒါကြောင့်လည်း ဒီနေ့တိုင်းပြည်ရဲ့ ခေတ်ကာလစနစ်တွေကို ပြောင်းလဲလှုပ်ရှားသွားနိုင်စေတဲ့ ညီလာခံ နှီးနှောဖလှယ်ဆွေးနွေးပွဲကြီးတွေမှာဆိုရင် ခင်ဗျားတို့လို အလုပ်သမား၊ လယ်သမား တောင်သူကြီးတွေဟာ တဘက်ခေါင်းပေါင်းကြီးတွေ တကားကားနဲ့ တော်လှန်ရေးကောင်စီဝင် ပုဂ္ဂိုလ်တွေနဲ့ တစ်စားပွဲထဲထိုင်ပြီး လက်ရည်တစ်ပြင်တည်း ကိုယ့်နစ်နာချက်တွေကို တင်ပြဆွေးနွေးနေကြပြီဆိုတာဟာ စစ်ကိုင်းခရိုင်က အုန်းတော၊ ဟသ်ာတခရိုင်က ဒူးယား၊ ရန်ကုန် မေဒေးအခမ်းအနားတို့မှာ ကျင်းပခဲ့တဲ့ နှီးနှောဖလှယ် ဆွေးနွေးပွဲတွေမှာ မြင်ရခြင်းအားဖြင့် သိနိုင်ပါတယ်”

“နေပါဦး ဆရာကြီးရဲ့။ အုန်းတောတို့၊ ဒူးယားတို့၊ ရန်ကုန် မေဒေးတို့ဆိုတာက ဘာလဲ။ ကျုပ်တို့ နားမလည်ပါဘူး”

ဆရာကြီး ဦးလှဒင်၏စကား ခဏပြတ်အသွားတွင် ထွေးရီတို့အဖေ ဦးစံကျော်က ကောက်မေးလိုက်သည်။ တခြားလူများမှာ သူတို့ နားမလည်သည့် စကားတစ်ခုကို ဦးစံကျော်က ရုတ်တရက် ဝင်မေးလိုက်သဖြင့် ကျေနပ်သွားကြပုံရသည်။

“သြော် ဒါလား။ အထက်မြန်မာပြည် စစ်ကိုင်းခရိုင်မှာ အုန်းတောဆိုတဲ့ ကျေးရွာလေးတစ်ရွာရှိတယ်။ အဲဒီရွာမှာ ပြီးခဲ့တဲ့နှစ် တပို့တွဲလလောက်တုန်းက တော်လှန်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးနေဝင်း အမှူးပြုတဲ့ တော်လှန်ရေးကောင်စီအဖွဲ့ဝင်အချို့နဲ့ အထက်မြန်မာပြည်မှာရှိတဲ့ တောင်သူလယ်သမား၊ ကိုင်းသမား၊ ယာသမားတွေဟာ တွေ့ဆုံပြီး ဆွေးနွေးကြတယ်လေ။ အထူးသဖြင့် တော်လှန်ရေးကောင်စီအစိုးရကလည်း ရှေ့ကို တောင်သူလယ်သမားတွေအတွက် ဘာတွေလုပ်ပေးမယ်၊ ဘယ်လိုစီမံကိန်းတွေရှိတယ်ဆိုတာတွေ ပြောပြသွားသလို ကျွန်တော်တို့တောင်သူလယ်သမားတွေဘက်ကလည်း ဒီနေ့ တောင်သူလယ်သမားတွေ လက်ငင်း တွေ့ကြုံရင်ဆိုင်နေရတဲ့ ပြဿနာအခက်အခဲတွေ၊ ဘယ်လိုစိုက်ပျိုးလို့ဖြင့် ဘယ်လိုအောင်မြင်နေတယ်။ သမဝါယမ စုပေါင်းနည်းနဲ့ ဘယ်လိုတွေ မွေးမြူရေးလုပ်လို့၊ ဈေးဆိုင်ဖွင့်လို့၊ တချို့ အောင်မြင်တာ၊ တချို့ မအောင်မြင်တာတွေ။ နောက်ပြီးတော့ အထက်အရာရှိကြီးတွေရဲ့ ညစ်ပတ်စုတ်ပဲ့ပုံတွေ၊ နိုင်ငံရေးသမားတွေ ကလိမ်ကျတာတွေ၊ နောက်ပြီးတော့ ဝါဂွမ်းအဝယ်ဒိုင်တွေ၊ ပဲအဝယ်ဒိုင်တွေရဲ့ မလိမ့်တပတ် ခေါင်းပုံဖြတ်ပုံ ဈေးနှိမ်ပုံတွေ၊ အဲဒါတွေကို တက်ရောက်လာကြတဲ့ တောင်သူလယ်သမား ကိုယ်စားလှယ်တွေက ပွင့်ပွင့်လင်းလင်း ရင်းရင်းနှီးနှီးနဲ့ အဲဒီတွေ့ဆုံတဲ့ နှီးနှောဖလှယ်ပွဲကြီးမှာ တစ်ခါတည်း ရင်ဖွင့်တင်ပြသွားကြပါတယ်။

အဲဒီလိုပဲ အောက်မြန်မာပြည် တောင်သူလယ်သမားတွေအတွက်လည်း ဟသ်ာတခရိုင်က ဒူးယားကျေးရွာမှာလုပ်တဲ့ နှီးနှောဖလှယ် ဆွေးနွေးပွဲကြီးမှာလည်း အောက်မြန်မာပြည် လယ်သမားကြီးတွေဟာ သူတို့ရဲ့ ခံစားချက်၊ နစ်နာချက်တွေကို အကျေအလည် တင်ပြဆွေးနွေးသွားကြတယ်။

“နောက် ရန်ကုန်မြို့မှာ အလုပ်သမားကြီးတွေအတွက် အလုပ်သမားနေ့လို့ခေါ်တဲ့ မေလတစ်ရက်နေ့က ကျင်းပတဲ့ “မေဒေးနေ့” အလုပ်သမားအောင်ပွဲနေ့ကြီး ပွဲတော်ရက်အတွင်းမှာလည်း အုန်းတော၊ ဒူးယား နှီးနှောဖလှယ်ပွဲတွေမှာလိုပဲ အလုပ်သမားကြီးတွေနဲ့ တော်လှန်ရေးကောင်စီအဖွဲ့ဝင်အချို့နဲ့ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးသွားကြတယ်။ အဲဒီအလုပ်သမားတွေရဲ့ ဆွေးနွေးချက်တွေဆိုရင် ရေဒီယိုကတောင် ပြန်ပြီးလွှင့်ပေးနေလို့ အတိုင်းသားကြားနေရတာပဲ။ ဒီဆွေးနွေးပွဲမှာလည်း အုန်းတော၊ ဒူးယားမှာလို အလုပ်ရုံ စက်ရုံ ပိုင်ရှင်တွေရဲ့ ဖိနှိပ်ချက်တွေ၊ ညစ်ပတ်မှုတွေ၊ မလိုရင် မလိုသလို အလုပ်ထုတ်ပစ်ခြင်းခံရပုံတွေ၊ အဲဒီလို အလုပ်သမားတွေရဲ့ နစ်နာချက်တွေကို အလုပ်သမားကိုယ်စားလှယ်တွေက တင်ပြဆွေးနွေးသွားကြတယ်”

“ထန်းသမားတွေဟာ ထန်းအောက်မြေကိုပါ ထွန်ယက်စိုက်ပျိုးပေးရလို့ တကယ်ဆိုတော့ တောင်သူတစ်ပိုင်း၊ ထန်းသမားတစ်ပိုင်း၊ “ထန်းတောင်သူ” တွေလို့ ခေါ်ချင်ရင်တောင် ခေါ်နိုင်ပါသေးတယ်။ တခြားကောက်ပဲသီးနှံတွေရဲ့ ထွက်ကုန်စွမ်းအားတန်ဖိုးထဲမှာ ခင်ဗျားတို့ ထန်းသမားတွေလည်း ပါပါသေးတယ်။ ကဲပါလေ ဒါ ထားပါတော့၊ ကျွန်တော် ပထမဆုံး နိဒါန်းပလ္လင်ခံခဲ့တဲ့စကားကို ပြန်ကောက်ပါရစေ။ “ဘာကြောင့် ဒီနေရာမှာ ခင်ဗျားတို့ ထန်းသမား အလုပ်သမား တောင်သူလယ်သမားတွေရဲ့ ခေတ်လို့ ဆိုနိုင်သလဲလို့ မေးစရာရှိပါတယ်။ တကယ်တော့ မေးနေစရာတောင် မလိုပါဘူး။ ကျွန်တော်တို့ . . .”

ဆက်လက်ဖော်ပြပါမည်။

ဆရာမောင်မောင်ဖြူ၏ “နွေဦးကာလ မြူထသောခါ” စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။
**စာတည်း**


# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဦးထိပ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂ × ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကသုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၇၂၀ | - |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ | ၆၀၀၀၀ | ၁ လုံး | ၁၉၁၄၄ သိန်း | ၄၀၈၅၆ သိန်း |
| ၃။ | သုဓမ္မာဇရပ်(၅၄×၃၀×၃၂)ပေ | ၂၉၇၀. ၀၀ | ၆ | ၅ | ၁ |
| ၄။ | ဂေါပကရုံး(၄၈×၂၄×၂၉)ပေ | ၄၈၁၀. ၀၀ | ၁ | - | ၁ |
| ၅။ | မော်ကွန်းတိုက်(၇၂×၃၀×၃၂)ပေ | ၈၀၇၉ | ၁ | ၁ | - |
| ၆။ | အဝင်မုခ်ဦး(အနောက်ဘက်) | ၂၈၆၅ | ၁ | ၁ | - |
| ၇။ | ရွေ့လျားစက်လှေကား(Walking Escalator) | | | | |
| | (က) Acrylic အမိုးအကာလုပ်ငန်း | ၄၅၄၃. ၁၀ | ၁ | - | ၁ |
| | (ခ) Pile Foundation လုပ်ငန်း၊ အဆောက်အဦ RC Structure လုပ်ငန်း၊ မိုးကြိုးလွှဲတပ်ဆင်ခြင်းလုပ်ငန်း၊ ထိန်းချုပ်ခန်းများတည်ဆောက်ခြင်းလုပ်ငန်း | ၃၂၈၄. ၃၀ | ၁ | - | ၁ |
| ၈။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၁ ခု | ၁၇ ခု |
| ၉။ | High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၂ တိုင် | ၇ တိုင် |
| ၁၀။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၉ ခန်း | ၁၉၁ ခန်း |
| ၁၁။ | မြန်မာမှုတစ်ဖက်လှုခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၉၃ ခန်း | ၃၆၂ ခန်း |
| ၁၂။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၃၂. ၀၀ | ၅၀ တိုင် | - | ၅၀ တိုင် |
| ၁၃။ | လမ်းမီးတိုင်(၆ မီတာ) ၁ တိုင်လျှင် | ၁၆. ၈၅ | ၂၀၈ တိုင် | - | ၂၀၈ တိုင် |
| ၁၄။ | Garden Light (၄ မီတာ) ၁ တိုင်လျှင် | ၁၉. ၀၀ | ၃၆၆ တိုင် | - | ၃၆၆ တိုင် |
| ၁၅။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၁၄၄ ခု | ၅၀၈ ခု |
| ၁၆။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၈. ၅၀ | ၇၅၇၆. ၃၅ ကျင်း | - | ၇၅၇၆. ၃၅ ကျင်း |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁၇။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၅၀ | ၂၁၈. ၁၄ ကျင်း | ၂၉ ကျင်း | ၁၈၉. ၁၄ ကျင်း |
| ၁၈။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၆. ၅၀ | ၈၄၇၃ ကျင်း | - | ၈၄၇၃ ကျင်း |
| ၁၉။ | မုစလိန္ဒအိုင် | ၂၂၇၃၁. ၀၂ | ၁ | ၅၃၄၅ သိန်း | ၁၇၃၈၆. ၀၂ သိန်း |
| | (က) မုစလိန္ဒအိုင်ရေကန်လုပ်ငန်း | ၆၇၁၀. ၅၉ | ၁ | - | ၁ |
| | (ခ) မုစလိန္ဒအိုင်အဝင်မုခ်ဦးတည်ဆောက်ခြင်း | ၃၆၀၆. ၃၆ | ၁ | - | ၁ |
| | (ဂ) မုစလိန္ဒအိုင်အတွင်းအပြင်ပတ်လမ်းရင်ပြင်ကွန်ကရစ်ခင်းလှေကားများပြုလုပ်ပေးခြင်း | | | | |
| | ၁။ အရှေ့ဘက်အပိုင်း(၃၇၉၉ စပေ) | ၁၇၁၁. ၈၅ | ၁ | - | ၁ |
| | ၂။ အနောက်ဘက်အပိုင်း(၃၇၉၉ စပေ) | ၁၇၁၁. ၈၅ | ၁ | - | ၁ |
| | ၃။ တောင်ဘက်ရင်ပြင်(၆၄၈၂ စပေ) | ၂၅၉၄. ၂၆ | ၁ | - | ၁ |
| | ၄။ မြောက်ဘက်ရင်ပြင်(၅၅၅၂ စပေ) | ၂၂၃၆. ၄၀ | ၁ | - | ၁ |
| | (ဃ) စကျင်ကျောက်ပြားခင်းခြင်း(၃၁၇. ၆၅ ကျင်း) | ၈. ၅၀ | ၃၁၇. ၆၅ | - | ၃၁၇. ၆၅ |
| | (င) ရေကန်ပတ်လည် ကနုတ်သံပန်းလက်ရန်းတပ်ဆင်ခြင်း | ၂၅. ၂၀ | ၄၇ | - | ၄၇ |
| | (စ) အတွင်း/အပြင် မီးနှင့်အပြင်ရေဆက်သွယ်ခြင်း | | | | |
| | ၁။ အတွင်း/အပြင် မီးဆက်သွယ်ခြင်း | ၅၄၀. ၀၀ | ၁ | - | ၁ |
| | ၂။ အပြင်ရေဆက်သွယ်ခြင်း | ၇၂၀. ၀၀ | ၁ | - | ၁ |
| ၂၀။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ × ၁၇၆ ပေ) | ၂၁၉. ၀၀ | ၁၂၇ ခု | - | ၁၂၇ ခု |
| ၂၁။ | ပိဋကသုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ မျက်နှာစီပါ)(Bibble Paper) | ၂၀. ၀၀ | ၅၀၀ စုံ | ၁၅၉ စုံ | ၃၄၁ စုံ |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

(က) **ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော** ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅

(ခ) **ဒေါ်အေးအေးကြည်** ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၀၆

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၆)၊ မြေကွက်အမှတ်(၃၇)၊ အကျယ်အဝန်း(အလျား၄၀ပေx အနံ၆၀ပေ)၊ ဧရိယာ(၀.၀၅၅)ဧကရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေပေါ်ရှိ ယခုအခေါ်ရန်ကုန်မြို့ ၊ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ ၃၆-ရပ်ကွက်၊ ဘုရင့်နောင်လမ်းနှင့်ရဲသီဟလမ်းထောင့်၊ အမှတ်(၃၇)ဟုခေါ်တွင်သည့် မြေကွက်အပါအဝင် အကျိုးခံစားခွင့်အားလုံးတို့အားရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ မြေကွက်အပြီးအပိုင်အရောင်းအဝယ်စာချုပ်အမှတ်(၁၄၂၁/၂၀၂၃)အရ တရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဦးထက်စစ်ပိုင်[၁၂/ရကန(ဧည့်)၀၀၀၁၂၈]ထံမှကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန်အတွက် မြေကွက်တန်ဖိုးငွေ၏စရန်ငွေအား ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်မည့်သူများရှိပါက ဤသတင်းစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုမှတ်ပုံတင်စာချုပ်မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
